ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (28-1-2008) (၅၅၇၆)

ပတိရူပဒေသဝါသောစ ဧတံမင်္ဂလ မုတ္တမံ

သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းသည် မြတ်သော မင်္ဂလာမည်၏။



ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နှင့် ကရသူရိမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြိတ်မြို့သို့ ရောက်ရှိကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့လေယာဉ်ကွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြိတ်လေဆိပ် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ လေဆိပ်ဝန်းကျင်၌ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ဘုတ်ပြင်းလေဆိပ်သို့ ရောက်ရှိကြပြီး ဘုတ်ပြင်းလေဆိပ်ကို အသုံးပြု၍ ခရီးသည်များ လေကြောင်းခရီးဖြင့် ဝင်ထွက်သွားလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
ယနေ့ သတင်း၊ ဆောင်းပါး အညွှန်း

အမေရိကန် သမ္မတလောင်း ရွေးချယ်ရေး အကြိုအခြေခံအဆင့်ရွေးပွဲ၊ ကင်ညာ၌ ဆွေးနွေးပွဲ မအောင်မြင်၊ ပါလက်စတိုင်း၊ ထိုင်း၊ ပါကစ္စတန် သတင်းများ — စာမျက်နှာ–၄၊ ၅

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ(၂) ပါမောက္ခ ဒေါက်တာပိုင်စိုး (ဆောင်းပါး) — စာမျက်နှာ–၆၊ ၇

ကမ္ဘာ့မှတ်တမ်းဝင် သားသည်မိခင်များ၏ထူးခြားသတင်းများနှင့် သန့်ဇင်ထွန်း(ကြေးမုံ)၏ အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲ (သတင်းဆောင်းပါး) — စာမျက်နှာ–၁၂

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၈-၁-၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အသက်ရှည် ကျန်းမာရေး အလေးထား ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်မှု ဂရုပြု

ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းနှင့် သက်ဆိုင်နေသည့်အတွက် စနစ်တကျ စားသောက်နေထိုင်ကြရန် လိုအပ်သည်။ ရေကောင်းရေသန့် ရရှိသုံးစွဲရေး၊ အစားအစာ သန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ခေတ်မီအလှအပ အသုံးအဆောင်ပစ္စည်းများ၊ အရေပြားထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဝယ်ယူအသုံးပြုသူများ ပိုမိုစိတ်ပါဝင်စားဆွဲဆောင်မှုရှိလာစေရန် ဓာတုပစ္စည်းများကို ထည့်သွင်းသုံးစွဲနေကြသည်ကို တွေ့ရသည်။

အလှကုန်ပစ္စည်းများနှင့် နေ့စဉ်သုံးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ လက်သည်းဆိုးဆေး၊ ပေါင်ဒါ၊ ရေမွှေး စသည့် အလှကုန်အချို့တွင် ပါဝင်သော ဓာတုပစ္စည်းအများစုသည် ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်သည်ဟု သိရသည်။

ဥပမာအားဖြင့် နှုတ်ခမ်းနီတွင် ပါဝင်သည့်ခဲသည် ခွင့်ပြုပမာဏထက် ပိုမိုပါဝင်ပါက သုံးစွဲသူကို အာရုံကြောနှင့်ပတ်သက်၍ ထိခိုက်စေတတ်ကြောင်း သိရသည်။

ထို့ကြောင့် အလှကုန်ပစ္စည်းနှင့် နေ့စဉ်သုံးပစ္စည်းများ သုံးစွဲရာတွင် မိမိတို့၏ အသားအရေနှင့် ကိုက်ညီမှုမရှိပါက သုံးစွဲမှု ချက်ချင်းရပ်ခြင်း၊ မလိုအပ်ဘဲ ဆံပင်ဆိုးဆေးများသုံးစွဲခြင်း၊ ဓာတုပစ္စည်းပါဝင်မှု လွန်ကဲသော အသုံးအဆောင်ပစ္စည်းများကို ဂရုပြုစိစစ်သုံးစွဲကြခြင်းတို့ဖြင့် ဘေးထွက်ဆိုးကျိုးများကြောင့် ဖြစ်ပေါ်သော ရောဂါများမှ ကင်းဝေးကြမည်ဖြစ်ပါသည်။ ။

ဇန်နဝါရီ ၂၀ ရက်က မန္တလေးတိုင်း ညောင်ဦးမြို့ မဟာဝိသုတာရာမ ပရိယတ္တိ စာသင်တိုက်တွင် အသုံးပြုရန် 7-KVA မီးအားမြင့်စက် တစ်စုံကို ပြည်တွင်း၊ ပြည်ပ ပိဋကတ်သုံးပုံ သာသနာပြုအဖွဲ့မှ ဦးဇော်မင်း၊ ဦးမင်းသော်၊ ဦးသောင်းမြင့်တို့ ဦးဆောင်၍ စာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တဥက္ကံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောင်းတိုက်ဘုရားဆောင် ရေစက်ချလှူဒါန်းပွဲမင်္ဂလာအခမ်းအနားမှသဘင်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ပဏ္ဍိတာရာမကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တကေလာသအား အမှူးထား၍ ဘောဇနသာလာဘုရားဆောင် ရေစက်ချလှူဒါန်းပွဲ အောင်မြင်ခြင်းအဖြစ် အမှတ်(၆၈၁) ကနောင်မင်းသားကြီးလမ်း ၈၉ ရပ်ကွက် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နေ ဦးသိန်းအေး-ဒေါ်ခင်လှိုင်၊ သမီး မတင်တင်မိုး၊ မတင်တင်စိုး၊ သား မောင်ကောင်းထက်ကျော်မိသားစုတို့၏ အလှူတော်မင်္ဂလာ ဓမ္မသဘင်ကို အထက်ပါနေအိမ်မဏ္ဍပ်၌ ညစဉ် ၇ နာရီမှ ကျင်းပသွားမည်ဖြစ်သည်။ ဇန်နဝါရီ၂၉ ရက်တွင် မော်ကျွန်းဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ဇန်နဝါရီ၃၀ ရက်တွင် မြင်းခြံဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ ဇန်နဝါရီ၃၁ ရက်တွင် ရမ္မာဝတီဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုဏ္ဍပါလ၊ ဖေဖော်ဝါရီ၁ ရက်တွင် ရေစကြိုဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ဖေဖော်ဝါရီ၂ ရက်တွင် ယောဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဖေဖော်ဝါရီ၃ ရက်တွင် စွန်းလွန်းဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသုန္ဒရ၊ ဖေဖော်ဝါရီ၄ ရက်တွင် မြင်းမူဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ဖေဖော်ဝါရီ၅ ရက်တွင် ရွှေပြည်ဟိန်း သီတဂူကြာတစ်ပွင့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တခေမာသီရိလင်္ကာရ၊ ဖေဖော်ဝါရီ ၆ ရက်တွင် အောင်ငြိမ်းချမ်းဆရာတော် ကမ္ဗောဇနာစရိယ သာသနဓဇဓမ္မာစရိယ မိုးကုတ်နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တအဂ္ဂသာရတို့က တရားတော်များ ဟောကြားမည်ဖြစ်၍ ဓမ္မမိတ်ဆွေများ တရားနာကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၁)သထုံ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

အထက(၁)သထုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀) အထက် အငြိမ်းစား ဆရာကြီး၊ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ် ၂၂ ရက်(စနေနေ့)နံနက် ၉နာရီတွင် အထက(၁)နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး အထက(၁)သထုံ ဖုန်း-၀၅၇-၄၀၀၄၀၊ ဦးစိုးလွင်-ဒေါ်သီသီမြင့် ဖုန်း-၀၅၇-၄၀၀၇၇၊ ဒေါက်တာပြုံးချို ဖုန်း-၀၅၇-၄၀၁၁၇၊ ဒေါက်တာဟာဆံ ဖုန်း-၀၅၇-၄၀၂၉၈၊ ဦးဝင်းအောင် ဖုန်း-၀၅၇-၄၀၁၉၄၊ ဦးရဲထွန်း ဖုန်း-၀၅၇-၄၀၂၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆံတော်ရှင်မြတ်မော်တင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၇ ရက် (တပေါင်းလဆန်း ၁ ရက်)မှ မတ် ၂၁ ရက် (တပေါင်းလပြည့်)အထိ ၁၅ ရက်တိုင်တိုင် စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မော်တင်ဘုရားပွဲခင်း ဆိုင်ခန်းများ၊ ခမောက်မော်ကမ်းခြေ ဆိုင်ခန်းများ၊ ငွေတောင်ကမ်းခြေ ဆိုင်ခန်းများကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ရေဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးဝေရေးလုပ်ငန်းတို့ကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ဈေးကောက်လုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်း၊ ဆိပ်ကမ်းခ ကောက်ခံခြင်းလုပ်ငန်း၊ ရုပ်ရှင်၊ ဇာတ်ပွဲကပြခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၄၂-၂၅၂၇၇၊ ၂၄၂၄၂၊ ၂၁၁၄၅၊ ၂၅၁၇၇နှင့် ၂၄၉၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၃)ရပ်ကွက် လှည်းတန်း(၇)လမ်းနေ ဖခင်ကြီး ဦးအုန်းစိန်အားအမှူးထား၍ မိခင် ဒေါ်စောရီ၊ သား ကိုအောင်မျိုး မိသားစုက တောင်ဥက္ကလာပ(၁၂)ရပ်ကွက် မာဃလမ်း မာဃဓမ္မာရုံ ဝေယျာဝစ္စ အသုံးပြုရန် အလှူငွေကျပ် တစ်သိန်းကို မာဃဓမ္မာရုံဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယအကြိမ်မြောက် အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် သံဃဒါနဆွမ်းလောင်းအသင်း၏ အကြိမ်(၆၀) မြောက် ဝါတွင်းဆွမ်းလောင်းအောင်ပွဲနှင့် ဝါပဆွမ်းလောင်းပွဲ အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ်မြောက် အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၉ ရက် (အင်္ဂါနေ့)တွင် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)၊ ဇန်နဝါရီ ၃၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် အရှင်ဇဝန (မေတ္တာရှင်) ရွှေပြည်သာ၊ ဇန်နဝါရီ ၃၁ ရက် (ကြာသပတေးနေ့)တွင် အရှင်ဇဝန(ပဲခူး)၊ ဖေဖော်ဝါရီ ၁ ရက်(သောကြာနေ့)တွင် အရှင်ခေမိန္ဒ (စစ်ကိုင်းခင်မကန်)၊ ဖေဖော်ဝါရီ ၂ ရက် (စနေနေ့)တွင် အရှင်ပဏ္ဍိစ္စ (ပြည်တော်ဦး ဗုဒ္ဓသာသနာ့ရိပ်မွန်) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစတင်၍ သံဃဒါနဆွမ်းလောင်းအသင်းဓမ္မာရုံ၊ ညောင်တန်းလမ်း အမှတ်(၅)ရပ်ကွက် ပုဇွန်တောင်မြို့နယ်၌ ဟောကြား၍ တရားအလှူပေးလှူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မာစရိယ စာသင်သားများ

အာဘောဂနယူပဒေသကျမ်း အလှူခံယူနိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

သဒ္ဓမ္မပဇ္ဇောတာရုံစာသင်တိုက် (မင်္ဂလာဒုံ) အရှင်ဝိစာရ (ဂဏဝါစက၊ သာသနဓဇ ဓမ္မာစရိယ)၏ အာဘော်လမ်းညွှန် အာဘောဂနယူပဒေသကျမ်းကို အလိုရှိသူ ဓမ္မာစရိယစာသင်သားများသည် သဒ္ဓမ္မပဇ္ဇောတာရုံစာသင်တိုက် ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ် ရန်ကုန် ဖုန်း ၀၁-၇၂၄၅၅၈ သို့ ဆက်သွယ်အလှူခံယူနိုင်ကြောင်းသိရသည်။ (က-ပ)

အဆိုပြုလွှာပေးအပ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးထံ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့် အဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးကကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် မြန်မာဂလိုဂွန်အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာဂလိုဂွန် အထည်ချုပ်စက်ရုံ ဒါရိုက်တာ ဒေါ်ခိုင်မီမီဝင်းနှင့် အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က ဥပဒေနှင့် ယဉ်ကျေးမှုအကြောင်းနှင့် စည်းရုံးရေးရာဌာနကြီး အတွင်းရေးမှူး ဒေါက်တာမြတ်လေးကျင်က HIV/AIDS အကြောင်း သိကောင်းစရာတို့ကို ဟောပြောဆွေးနွေးကြပြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အဖွဲ့ဝင် အဆိုပြုလွှာ ၆၀၀ ကို စည်းရုံးရေးရာဌာနကြီးမှူးထံပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန်   ဇန်နဝါရီ   ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန် စာမေးပွဲတို့၌ အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ဇန်နဝါရီ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်-

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း။ ရေးဖြေအောင်စာရင်း

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၄)ပါး

၁၁။ ပလ္လင်အမှတ် (၇၇) အရှင်ကောလိတ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၂။ ပလ္လင်အမှတ် (၇၉) အရှင်သုစိတ္တ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ မဟာသုခါရာမစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ပလ္လင်အမှတ် (၈၀) အရှင်ဝိစိတ္တ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၄။ ပလ္လင်အမှတ် (၈၁) အရှင်ဝိဇ္ဇောဒယ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ် (၈၃) ရှင်ပညာသာရာလင်္ကာရ၊ အသက်(၁၉)နှစ်၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၆။ ပလ္လင်အမှတ် (၈၈) အရှင်ကောသလ္လ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၇။ ပလ္လင်အမှတ် (၈၉) အရှင်ဥပ္ပလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၈။ ပလ္လင်အမှတ် (၉၀) အရှင်အဂ္ဂါစာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၉။ ပလ္လင်အမှတ် (၉၁) အရှင်ဇာနေယျဗုဒ္ဓိ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓ ဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ပလ္လင်အမှတ် (၉၂) အရှင်ဝိသုတ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၁။ ပလ္လင်အမှတ် (၉၄) အရှင်ပညာဇောတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၂။ ပလ္လင်အမှတ် (၉၅) အရှင်ပညာသာမိ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၃။ ပလ္လင်အမှတ် (၉၇) အရှင်သီလာစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၄။ ပလ္လင်အမှတ် (၉၈) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ပလ္လင်အမှတ် (၉၉) အရှင်အစ္ဆရိယ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓ ဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်တိုင်း။ (အထူးအောင်)

၂၆။ ပလ္လင်အမှတ်(၁၀၀) အရှင်တေဇိန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၇။ ပလ္လင်အမှတ်(၁၀၁) အရှင်ပဏ္ဍိတဝံသ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၈။ ပလ္လင်အမှတ်(၁၀၂) အရှင်ဣန္ဒောဘာသာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၂)ဝါ၊ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၉။ ပလ္လင်အမှတ်(၁၀၃) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင် တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၃၀။ ပလ္လင်အမှတ်(၁၀၄) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၁။ ပလ္လင်အမှတ်(၁၀၅) အရှင်သူရိယ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၁)ဝါ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၂။ ပလ္လင်အမှတ်(၁၀၆) အရှင်ပညာသီဟာလင်္ကာရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ပလ္လင်အမှတ်(၁၁၁) အရှင်တေဇနိယ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃၄။ ပလ္လင်အမှတ်(၁၁၆) အရှင်အရိယဝံသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။ (အထူးအောင်)

၃၅။ ပလ္လင်အမှတ်(၁၁၇) အရှင်ဇောတိပါလာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊တိပိဋကမဟာဂန္ဓ ဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်တိုင်း။

၃၆။ ပလ္လင်အမှတ်(၁၁၈) အရှင်နန္ဒသာမိ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓ ဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ပလ္လင်အမှတ်(၁၂၂) အရှင်ခေမာသိရီလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊မင်းကုန်းမဟာစာသင်တိုက် ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။ (အထူးအောင်)

၃၈။ ပလ္လင်အမှတ်(၁၂၃) အရှင်ဝိလာသဂ္ဂါလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း။ (အထူးအောင်)

၃၉။ ပလ္လင်အမှတ်(၁၂၇) အရှင်ဩဘာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်း။

၄၀။ ပလ္လင်အမှတ်(၁၂၉) အရှင်နရိန္ဒ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ သာသနာ့ဝေပုလ္လကျောင်းတိုက်၊ ဘိုကလေးမြို့နယ် ဧရာဝတီတိုင်း။

၄၁။ ပလ္လင်အမှတ်(၁၃၀) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၂)ဝါ၊တိပိဋကဓမ္မပါလမဟာဝိဟာရ စာသင်တိုက်၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၂။ ပလ္လင်အမှတ်(၁၃၁) အရှင်ဝိလာသဂ္ဂ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၂)ဝါ မဟာသုခါရာမစာသင်တိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း။ (အထူးအောင်)

၄၃။ ပလ္လင်အမှတ်(၁၃၂) အရှင်မေဓာနန္ဒ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄၄။ ပလ္လင်အမှတ်(၁၃၄) အရှင်ရေဝတ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ၊ အောင်မင်္ဂလာကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ (အထူးအောင်) တို့ဖြစ်ကြသည်။

(သတင်းစဉ်)

တရားပွဲသတင်းများ

လမ်းသစ်ရိပ်သာဓမ္မာရုံတရားပွဲများကျင်းပမည်

ရန်ကုန်   ဇန်နဝါရီ   ၂၇

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာဓမ္မာရုံ၏ သတ္တမအကြိမ်မြောက် တရားပွဲများကို ညစဉ် ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ(မော်ကျွန်း) (တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓမ္မ ဘဏ္ဍာဂါရိက) ဆရာတော်က ဖေဖော်ဝါရီ ၅ ရက်(အင်္ဂါနေ့)၊ ဘဒ္ဒန္တဝံသပါလာလင်္ကာရ(မြင်းမူ) (တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မ ဘဏ္ဍာဂါရိက)ဆရာတော်က ဖေဖော်ဝါရီ ၆ ရက် (ဗုဒ္ဓဟူးနေ့)၊ အရှင်ဝိရိယ(ဓမ္မဘေရီ) သာသနဓဇ(ဓမ္မာစရိယ) ဒီဃဘာဏက ဒီဃနိကာယ အဂ္ဂဓမ္မာစရိယ ဆရာတော်က ဖေဖော်ဝါရီ ၇ ရက် (ကြာသပတေးနေ့)၊ အရှင်ဆေကိန္ဒ(ဓမ္မဒူတ) သာသနဓဇ(ဓမ္မာစရိယ) ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော်က ဖေဖော်ဝါရီ ၈ ရက်တို့တွင် တရားဟောကြားမည်ဖြစ်သည်။

(၄၃)

ဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)၏ တရားပွဲများ

ရန်ကုန်   ဇန်နဝါရီ   ၂၇

ဒဂုံမြို့သစ်တောင်ပိုင်း (၅၄)ရပ်ကွက် အင်ကြင်းလမ်း ခင်မကန်တိုက်၏ ဦးစီးပဓာန နာယကသာသနာပြု နယ်လှည့်ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)သည် ဇန်နဝါရီ ၂၈ ရက်တွင် ကျောက်တန်းမြို့၊ ၂၉ ရက်တွင် ဇာနည်လမ်း၊ တောင်ဥက္ကလာပ၊ ၃၀ ရက်တွင် ဒဂုံအရှေ့ (၈)ရပ်ကွက်၊ ၃၁ ရက်တွင် သီလဝါ၊ ဖေဖော်ဝါရီ ၁ ရက်တွင် ညောင်တန်း ပုဇွန်တောင်၊ ရတနာလမ်း ဝွတ္တာလစ်၊ ၂ ရက်တွင် ရန်ကြီးအောင်လမ်း စမ်းချောင်း၊ မီးဒုံးလမ်း သုဝဏ္ဏ၊ ၃ ရက်တွင် မေတ္တာညွန့်၊ တာမွေ၊ ၄ ရက်တွင် ပဲခူးမြို့၊ ကမာနတ်၊ ၉ ရက်တွင် လှိုင်တက္ကသိုလ်ပညာရေးဝန်ထမ်းအိမ်ရာ၊ ၁၀ ရက်တွင် ပန်းဘဲတန်းမြို့နယ်(၃၀) လမ်းအောက်၊ ၁၁ရက်တွင် ဝါးတရာ၊ ရွှေပြည်သာမြို့ (မလွန်ဆန်လူ)၊ ၁၂ ရက်နှင့် ၁၃ ရက်တွင် မအူပင်မြို့၊ ၁၄ ရက်တွင် ကမာရွတ် မြကန်သာအိမ်ရာ၊ ရွှေပေါက်ကံမြို့သစ်၊ ၁၅ ရက်တွင် လှည်းတန်း၊ ပုလဲဂေဟာလမ်းတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

ရွှေမန်း ဦးသောဘိတ တရားပွဲ

ရန်ကုန်   ဇန်နဝါရီ   ၂၇

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/တောင် (၁၁) ရပ်ကွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ၄၉အဝါရောင်ကားဂိတ်အနီး ကန်ဦးကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ရွှေမန်း ဦးသောဘိတသည် သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် သလ္လာဝတီ (၄)လမ်း အောင်တော်မူဘုရား နှစ်ကျိပ်ရှစ်ဆူမဏ္ဍပ်၌ ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သန်လျင်ကသစ်ဝိုင် တရားစခန်း

ရန်ကုန်   ဇန်နဝါရီ   ၂၇

မူလကသစ်ဝိုင် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ညောင်သုံးခွ ဆရာတော်ကြီး၏တပည့် ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာ(၃) ရပ်ကွက် ကသစ်ဝိုင်အောင်ချမ်းသာ ဓမ္မရိပ်သာကြီး၏ ပဓာနနာယက နယ်လှည့်သာသနာပြု မဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တအာစာရသိက္ခ ဆရာတော်သည် ဇန်နဝါရီ ၃၀ ရက်တွင် သုံးခွမြို့နယ် အဖောင်ကျေးရွာ သာသနာ့ဝေပုလ္လဓမ္မရိပ်သာကျောင်းတိုက်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်၌ လှည်းကူးမြို့နယ် ဒါးပိန် မင်းကျောင်းတိုက်ဓမ္မရိပ်သာတွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် သုံးခွမြို့နယ် ရွှေပေါက်ကန် ကျေးရွာ သာသနာ့ရက္ခိတ ဓမ္မရိပ်သာတို့၌ ဝိပဿနာလုပ်ငန်းစဉ် ၁၀ ရက် တရားစခန်းများကို ဖွင့်လှစ်မည်ဖြစ်ရာ သံဃာ၊ ယောဂီ၊ လူပုဂ္ဂိုလ်များ အထက်ပါကျောင်းတိုက်ကြီးများတွင် စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

မော်လမြိုင်မြို့ တောင်ဝိုင်းရှိ ဘိုးဘွားရိပ်သာ အဘိုး၊ အဘွားများအတွက် ကွယ်လွန်သူ ဖခင် ရှင့်အော်ကျန်း၊ မိခင် ဒေါ်နုတို့အား ရည်စူး၍ ဒီဇင်ဘာ ၂၆ရက်က အလှူရှင် မန္တလေးမြို့နေ ဦးမြင့်ဌေး-ဒေါ်မြင့်မြင့်နိုင် မိသားစုက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွေးလေး လက်ခံရယူစဉ်။ (၃၀၇)

နာရီ ၃၀ ပညာဒါန အထူးသင်တန်းဖွင့်လှစ်မည်

ရန်ကုန်   ဇန်နဝါရီ   ၂၇

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ သာသနာ့ဗေယျ မင်္ဂလာပရိယတ္တိစာသင်တိုက်တွင် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညိန္ဒ (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ သင်တန်းမှူးဆရာတော် အရှင် ကဝိဓဇ (B.Com) တာဝန်ယူပို့ချမည့် အသုံးချ အင်္ဂလိပ်စကားပြော နာရီ ၃၀ ဖေဖော်ဝါရီ တစ်လ အထူးသင်တန်းကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီမှ စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းသို့ တက္ကသိုလ်ဝင်တန်းနှင့်အထက် အဆင့်ရှိသူများတက်ရောက်နိုင်ပြီး အင်္ဂါမှ သောကြာအထိ တစ်ပတ်လေးရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီခွဲထိ ပို့ချမည်ဖြစ်သည်။ အလားတူ သင်တန်းများကို သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း ဘဝမြင့် မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်နှင့် ဒဂုံ(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်း စိန်ပန်းမှတ်တိုင်အနီးရှိ သုဇနာရာမဝိဇ္ဇာသိပ္ပံ စာသင်တိုက်တို့တွင်လည်း သင်တန်းမှူးအရှင်ကဝိဓဇ (B.Com)ကပင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။

(က-ပ)

ရန်ကုန်မြို့ သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ် ကျောင်းတိုက် အနန္တဂုဏ်ရည် သိမ်တော်မြတ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ငုက်ပျောတောလမ်းနေ (ဦးထွန်းမြိုင်-ဒေါ်အေးကြည်)တို့အား ရည်စူး၍ သမီး မခင်မြင့်(မိုးကျူရှင်)မှ အရှင်ဣန္ဒက (သာသနဓဇ ဓမ္မာစရိယ)အား ငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (က-ပ)

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ပြည်သူများအကြား အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်ညာတွင် အစိုးရနှင့် ဆန့်ကျင်ဘက်အဖွဲ့ ဆွေးနွေးပွဲမအောင်မြင်၊ ဆူပူမှုဆက်လက်ဖြစ်ပွား

နိုင်ရိုဘီ ဇန်နဝါရီ ၂၆

ကင်ညာအစိုးရနှင့်အတိုက်အခံပါတီတို့သည် ဖျန်ဖြေရေးညှိနှိုင်းမှု မအောင်မြင်ခဲ့မှုအပေါ် တစ်ဖက်နှင့်တစ်ဖက် အပြစ်ဖို့ ပြောကြားနေကြသည့်အချိန်တွင် ကင်ညာပြည်သူများအတွင်း သောကြာနေ့က အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ကင်ညာသမ္မတကီဘာကီနှင့် ၎င်း၏ပြိုင်ဘက်အိုဒင်ဂါတို့သည် ဒီဇင်ဘာ ၂၇ ရက်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အငြင်းပွားမှုပြဿနာ ပေါ်ပေါက်ခဲ့သည်။ ထိုသို့ မပြေလည်ရာမှ အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်ပွားကာ လူ ၇၀၀ နီးပါး သေဆုံးခဲ့သည်။

ကီဘာကီနှင့် အိုဒင်ဂါတို့သည် ပြဿနာအပေါ်အဖြေရှာရန်ကတိကဝတ်ပြုခဲ့ကြသော်လည်း အိုဒင်ဂါ၏ ပါတီက ကီဘာကီမဲခိုးကြောင်း ပြောကြားရာမှ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်ကာ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘာရာဇီးအနုပညာပြတိုက်မှ ပီကာဆိုရေးဆွဲသည့်ပန်းချီကား ခိုးယူသူအဖမ်းခံရ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၆

ဘာရာဇီးနိုင်ငံ ဆော်ပေါ်လို အနုပညာပြတိုက်မှ ပန်းချီဆရာကြီး ပီကာဆိုရေးဆွဲခဲ့သည့် ပန်းချီကားကို ခိုးယူသူဟု တတိယမြောက် သင်္ကာမကင်းဖြစ်ရသူအား အာဏာပိုင်များက ကြာသပတေးနေ့တွင် ဖမ်းဆီးလိုက်သည်။

၎င်းမှာ အသက် ၂၅နှစ်အရွယ်ရှိ လီမာဆောဘရင်ဟိုဖြစ်ပြီး သူ၏ရှေ့နေနှင့်အတူ ဆော်ပေါ်လိုသို့ ရောက်ရှိလာခဲ့သည်။

ဆောဘရင်ဟိုသည်ပီကာဆို၏ပန်းချီကား ခိုးယူမည့်အစီအစဉ်တွင် အကူအညီပေးသည်ဟု သင်္ကာမကင်းခံရသူတစ်ဦးဖြစ်ကြောင်းဆော်ပေါ်လိုပြည်သူ့လုံခြုံရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ၎င်းသည် အလယ်အလတ်တန်းစား အလွှာမှဖြစ်ပြီး ဘာရာဇီး ရုပ်မြင်သံကြား ချက်ပြုတ်နည်းပြသသည့် အစီအစဉ်တွင် ပါဝင်ခဲ့သူဖြစ်သည်။

ရဲတပ်ဖွဲ့က ဆောဘရင်ဟိုသည် အနုပညာ မြတ်နိုးသူတစ်ဦး ဟန်ဆောင်ပြီး ပြတိုက်လုံခြုံရေးအားနည်းချက်များကို သိရှိရန် ဆော်ပေါ်လိုပြတိုက်သို့ ကြိမ်ဖန်များစွာ လာရောက်ကြည့်ရှုခဲ့သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်ရဲနှင့် ပါလက်စတိုင်းပြည်သူများ နယ်ခြားတွင် အဓိကရုဏ်းဖြစ်ပွား လုံခြုံရေးတပ်ဖွဲ့ဝင် ၃၆ ဦး ဒဏ်ရာရ

ကိုင်ရို ဇန်နဝါရီ ၂၇

ဂါဇာနှင့်အီဂျစ်နိုင်ငံ နယ်ခြား၌ ဆောက်လုပ်ထားသော တံတိုင်းပြိုကျသွားပြီးနောက်ပါလက်စတိုင်းများသည် အီဂျစ်နိုင်ငံအတွင်းသို့ ဝင်ရောက်ကာ ရိက္ခာနှင့် လောင်စာများ ဝယ်ယူကြသည်။ အဆိုပါပရိသတ်အားထိန်းသိမ်းရာမှ အီဂျစ် ရဲများနှင့်ပါလက်စတိုင်းပြည်သူများအဓိကရုဏ်းဖြစ်ပွား၍အီဂျစ်လုံခြုံရေး တပ်ဖွဲ့ဝင် အနည်းဆုံး ၃၆ ဦး ဒဏ်ရာရရှိသွားသည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။ အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် ၁၀ ဦးမှ ၁၂ ဦးခန့်နှင့် နယ်စပ်အစောင့် တပ်ဖွဲ့မှ၂၆ဦး ဒဏ်ရာရရှိသွားကြောင်း နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က ပြောကြားသည်။

ဇန်နဝါရီ၂၄ ရက်က ဖြစ်ပွားသော ရန်းရင်းဆန်ခတ်မှုတွင်ဒဏ်ရာရရှိခဲ့သူအချို့၏ ဒဏ်ရာမှာ အသက်အန္တရာယ်ရှိသည်အထိ ပြင်းထန်ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများတွင် အထက်တန်း အရာရှိနှစ်ဦးလည်း ပါသည်။

မိမိတို့အီဂျစ်များက ညီအစ်ကိုတော် ပါလက်စတိုင်းများအပေါ် စာနာထောက်ထားမှုဖြင့် လက်ခံပြုစုသည့်အပေါ် ပါလက်စတိုင်းတို့အနေဖြင့် ယခုကဲ့သို့ မပြုလုပ်သင့်ဟု နိုင်ငံခြားရေး ဝန်ကြီးက ဆက်လက် ပြောကြားသည်။

အင်တာနက်။

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

ပါကစ္စတန်တွင် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၆

ပါကစ္စတန်စစ်ဘက်က တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်နေချိန်၌ ပါကစ္စတန်နိုင်ငံမှ နျူကလီးယားလက်နက်များ အစ္စလာမ္မစ်စစ်သွေးကြွ များလက်ထဲသို့ ရောက်ရှိသွားမည့်ကိစ္စနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှုများရှိသည်။ ပါကစ္စတန်စစ်ဘက်အကြီးအကဲက ထိုကိစ္စမှာမဖြစ်နိုင်ဟု သောကြာနေ့တွင် ပယ်ချလိုက်သည်။

ပါကစ္စတန်နိုင်ငံသည် အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုတိုက်ဖျက်ရေးဆင်နွှဲမှုတွင် ခိုင်မာသည့် အပေါင်းပါနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေးအရ မတည်မငြိမ် ဖြစ်မှုသည် တစ်စတစ်စ ဆိုးရွားလာခဲ့သဖြင့် နိုင်ငံတကာက ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များ၏ လုံခြုံမှုကို စိုးရိမ်မကင်းဖြစ်နေကြသည်။

မူရှာရက်ဖ် အရပ်ဘက်သမ္မတဖြစ်လာခဲ့ပြီးနောက် နိုဝင်ဘာလအတွင်း စစ်ဘက် အကြီးအကဲဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး ဘက်ရှ်ဖက်ဘေယာနီက အစိုးပါ စိုးရိမ်မကင်းဖြစ်မှုများသည် အခြေအမြစ်မရှိဟုဆိုကာ ပယ်ချလိုက်သည်။

ဖော်ပြပါ စိုးရိမ်မကင်းဖြစ်ရမှုများသည် ပါကစ္စတန်၏ အမိန့်ပေး ထိန်းချုပ်ရေးယန္တ ရားအပေါ် နားလည်သဘောပေါက်မှု မရှိရာမှ အစပြုခဲ့ခြင်းဖြစ်ကြောင်းကောယာနီကတာလတ်ပစ်ရှာဟင်း-၁ တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှု အခမ်းအနားတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင် ခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိ

ဗန်ကောက် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံ တောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ဇန်နဝါရီ ၂၃ ရက်က အင်အားပြင်းဗုံးပေါက်ကွဲရာ ထိုင်းတပ်ဖွဲ့ဝင် ခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း၊ ထိုပေါက်ကွဲမှုသည် စစ်သွေးကြွများလက်ချက်ဟု ယူဆရကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက ထုတ်လွှင့်သည်။

နာရာသီဝပ်ပြည်နယ် ရပ်ဂေးဒေသ၌ ကျင်းပသည့် စစ်ဘက်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဗိုလ်သည်တော် ၂၀၀ ကျော်ကို ဖိတ်ကြားထားကြောင်း၊ ယင်းနေရာကို မိုဘိုင်းလ်ဖုန်း အသုံးပြုပြီး ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ထုတ်လွှင့်ခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်၊ ရာလာနှင့် ပတ္တနီပြည်နယ်တို့သည် စစ်သွေးကြွများနှင့် ဆက်နွှယ် ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် ပြည်နယ်များဖြစ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် ယနေ့အထိ သေဆုံးသူ ၂၈၀၀ ကျော်ရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာဒေသမှ အီဂျစ်နိုင်ငံသို့ ဝင်ရောက်လာသော ပါလက်စတိုင်းပြည်သူအချို့အား အီဂျစ်ရဲများက ပြန်လည် နှင်ထုတ်နေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုန်သွယ်ရေး သဘောတူညီမှု ဗီယက်နမ်နှင့် ချီလီ အတည်ပြုမည်

ဟန္နိုင်း ဇန်နဝါရီ ၂၆

ဗီယက်နမ်နိုင်ငံနှင့် ချီလီနိုင်ငံတို့သည် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေး၊ ကုန်သန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းတို့ကို မကြာမီတွင် အတည်ပြုဆောင်ရွက်သွားနိုင်မည်ဟု ဗီယက်နမ်ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ဒေသဆိုင်ရာ ဗီယက်နမ်သတင်းစာက ဇန်နဝါရီ ၂၅ ရက်တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့်ချီလီနိုင်ငံနှင့် ကဏ္ဍအားလုံး အထူးသဖြင့် ကုန်သန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် အတွေ့အကြုံဖလှယ်ရေး၊ သင်ယူရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို လုပ်ဆောင်လိုကြောင်း ချီလီနိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး ကာလို့စ်ဖာချီက ဇန်နဝါရီ ၂၄ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီမှုအတွက် သက်ဆိုင်ရာအေဂျင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံသို့ ချီလီနိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး ရောက်ရှိလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော အိန္ဒိယနိုင်ငံနေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်နေသော တပ်ဖွဲ့များကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာမြောက်ပိုင်းဒေသတွင် ရဲတပ်ဖွဲ့က လူ ၁၂ဦး၏ အလောင်းများ တွေ့ရှိ

ကိုလံဘို ဇန်နဝါရီ ၂၆

သီရိလင်္ကာရဲတပ်ဖွဲ့က အလောင်း ၁၂လောင်းကို ကြာသပတေးနေ့က တွေ့ရှိရာ အလောင်းအချို့သည် လက်ပြန်ကြိုးတုပ်ခံထားရကြောင်း စစ်ဘက်နှင့် မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

သီရိလင်္ကာစစ်တပ်နှင့် ခွဲထွက်ရေးသမား တမီလ်ကျားအဖွဲ့တို့သည် ဆယ်စုနှစ်နှစ်စုကြာ ပြည်တွင်းစစ်အဖြစ် တိုက်ခိုက်နေကြပြီးနောက် နိုင်ငံအတွင်း၌ မကြာမီကာလက ပြန်ပေးဆွဲမှုနှင့် ပျောက်ဆုံးမှုများ ရာပေါင်းများစွာ ပေါ်ပေါက်ခဲ့သည်ဟု လူ့အခွင့်အရေးအုပ်စုများက ပြောကြားခဲ့သည်။ ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင် လူပေါင်း ၇၀၀၀၀ နီးပါး သေဆုံးခဲ့ရသည်။

ဒေသခံတစ်ဦး၏ သတင်းပေးပို့ချက်အရ အနူရာဒါပူရာခရိုင်သင်္ချိုင်း သို့ ရဲများသွားရောက်ခဲ့ရာ ပုံပျက်ပန်းပျက်ဖြစ်နေသည့် အလောင်းများကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အမည်မဖော်လိုသူတစ်ဦးကလည်း အလောင်း ၁၆လောင်းတွေ့မြင်ခဲ့ပြီး အချို့မှာ လက်ပြန်ကြိုးတုပ်ခံထားရသည်ဟု ပြောကြားသည်။ သီရိလင်္ကာအစိုးရက ကျားသူပုန်အဖွဲ့နှင့် ၂၀၀၂ခုနှစ် အပြစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ယခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ရပ်ဆိုင်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် ကျင်းပသော အကြိုအခြေခံသမ္မတရွေးပွဲ၌ အနိုင်ရရှိသွားသော ဆီးနိတ်အမတ် အိုဘားမားအား ဇန်နဝါရီ ၂၆ ရက်က ကိုလံဘီယာမြို့တွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကယ်ရိုလိုင်းနား အကြိုအခြေခံအဆင့် ရွေးချယ်ပွဲတွင် အိုဘားမားက ကလင်တန်ကို အနိုင်ရ

ကိုလံဘီယာ ဇန်နဝါရီ ၂၇

အမေရိကန်နိုင်ငံမှ ဒီမိုကရက်တစ်ပါတီ၏ အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲကို ဇန်နဝါရီ ၂၆ ရက်က တောင်ကယ်ရိုလိုင်းနား၌ ကျင်းပရာ ဆီးနိတ်အမတ် ဘာရက်အိုဘားမားက ၎င်း၏ပြိုင်ဘက် ဟီလာရီကလင်တန်ကို အလွယ်တကူအနိုင်ရရှိသွားသည်။

ထိုသို့ အနိုင်ရရှိသွားရခြင်းမှာ တောင်ကယ်ရိုလိုင်းနားပြည်နယ်ရှိ လူမည်းပရိသတ်အားကြောင့် ဖြစ်ကြောင်း အချို့က ရှုမြင်ကြသည်။ ဒီမိုကရက်တစ်ပါတီ၏ အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် အနိုင်ရရှိသွားသူသည် နိုဝင်ဘာတွင် ကျင်းပရန်ရှိသည့် အမေရိကန်နိုင်ငံလုံးဆိုင်ရာ သမ္မတရွေးကောက်ပွဲတွင် ပါတီကို ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တောင်ကယ်ရိုလိုင်းနား ပြည်နယ်၏ အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူ နောက်တစ်ဦးမှာ ဂျွန်အက်ဒွပ်ဖြစ်သည်။ ၎င်းသည် ထိုပြည်နယ် ယှဉ်ပြိုင်ပွဲတွင် တတိယသာရရှိခဲ့သဖြင့် နောင်ဆက်လက်ယှဉ်ပြိုင်ရမည့် အခြေခံအဆင့်ပြိုင်ပွဲများ၌ ဝင်ရောက်ရေးမှာ အလားအလာနည်းပါးသွားပြီဟု ဆိုသည်။

မဲများအားလုံးနီးပါးရေတွက်ပြီးစီးသောအခါ အိုဘားမားသည် မဲအရေအတွက်၏ ၅၅ ရာခိုင်နှုန်း၊ ကလင်တန်က ၂၇ ရာခိုင်နှုန်းနှင့် အက်ဒွပ်က ၁၈ ရာခိုင်နှုန်း အသီးသီးရရှိကြသည်။

အနိုင်ရရှိ

ယခုနှစ်တွင် ပထမဆုံးကျင်းပသည့် အိုင်အိုဝါးပြည်နယ် အကြိုအခြေခံ ရွေးကောက်ပွဲ၌ ပွဲဦးထွက် အိုဘားမားက အနိုင်ရရှိလိုက်သည်။ သို့သော် နောက်ပိုင်း ဆက်လက်ကျင်းပသည့် ဟမ်ရှိုင်းယားနှင့် နီဗားဒါး ရွေးချယ်ပွဲများ၌ ကလင်တန်က အနိုင်ရရှိသွားပြန်သည်။ ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်သည့် တောင်ကယ်ရိုလိုင်းနားပြည်နယ် ရွေးချယ်ပွဲ၌မူ အိုဘားမားက တစ်ဖန်ပြန်လည် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

ဆက်လက်ကျင်းပမည့် အကြိုအခြေခံအဆင့် ရွေးကောက်ပွဲကို တင်နက်ဆီပြည်နယ်၌ ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုလုပ်ကြံသူများအား ဆက်လက်ဖမ်းဆီး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၇

ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုအား လုပ်ကြံမှုနှင့် ဆက်စပ်နေသည်ဆိုသော နောက်ထပ်မသင်္ကာဖွယ်ရာ တရားခံများကို အာဏာပိုင်များက ထပ်မံဖမ်းဆီးလိုက်ကြောင်း အထက်တန်းအရာရှိများက ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါလုပ်ကြံမှုနှင့် ပတ်သက်နေသော အသက်၁၅နှစ်အရွယ်ရှိ အတ်ဇာရှားဆိုသူ လူငယ်ကို အနောက်မြောက်ဒေသရှိ ဒီရာအစ္စလမ္မာခန်းမြို့တွင် အာဏာပိုင်များက ယခင်သီတင်းပတ်အတွင်း ဖမ်းဆီးခဲ့သည်။ အကယ်၍ ဘနာဇီယာအား လုပ်ကြံရာ၌ အထမမြောက်ဘဲပျက်ပြားသွားခဲ့လျှင် ဒုတိယအသုတ် ဆက်လက်၍ လုပ်ကြံရမည့် အုပ်စုတွင် မိမိပါဝင်ကြောင်း ၎င်းက စုံစမ်းရေးမှူးများထံ အစစ်ခံခဲ့သည်။

၎င်း၏ အစစ်ခံချက်အပေါ်မူတည်၍ ထိုအမှုနှင့် ပတ်သက်နေသူများကို ဆက်လက် ဖမ်းဆီးနေခြင်းဖြစ်သည်ဟု အိမ်စောင့်အစိုးရ ပြည်ထဲရေးဝန်ကြီး ဟာမစ်နဝဇ်က ပြောကြားသည်။

ဗြိတိန်နိုင်ငံမှ ရောက်ရှိလာသော စကော့တလန်ယဒ် ထောက်လှမ်းရေးအဖွဲ့အကူအညီဖြင့် ဘူတိုလုပ်ကြံခံရမှုကိစ္စကို မြန်ဆန်စွာ စစ်ဆေးနိုင်ခဲ့သည့်အတွက် သဲလွန်စအချို့ကို ရရှိခဲ့သည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံရှိ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင် အချို့မှာ အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိနေကြောင်း၊ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်များအတွက် အကာအကွယ်ပေးရန် အစီအစဉ်များ ဆောင်ရွက်ထားသည်ဟု ဝန်ကြီး ဟာမစ်နဝဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ပက်ရှဝါနယ်စပ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်နှစ်ဦးကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ သမ္မတဟောင်း ဆူဟာတိုကွယ်လွန်

ကွယ်လွန်သူ အင်ဒိုနီးရှားနိုင်ငံ သမ္မတဟောင်း ဆူဟာတို။ (ဓာတ်ပုံ-အင်တာနက်)

ဂျကာတာ ဇန်နဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံကို ၃၂နှစ်ကြာ တာဝန်ယူခဲ့သော သမ္မတဟောင်း ဆူဟာတို (၈၆)နှစ်သည် ဇန်နဝါရီ ၂၇ရက် မွန်းလွဲ ၁နာရီ ၁၀မိနစ်က ဂျကာတာမြို့ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်သည်။

ဆူဟာတိုသည် ကျောက်ကပ်၊ နှလုံးနှင့် အဆုတ်တို့ ကောင်းစွာ အလုပ်မလုပ်သဖြင့် ဆေးရုံသို့ ဇန်နဝါရီ ၄ ရက်ကတည်းက တင်ထားရသည်။ ဆရာဝန်များက ကျောက်ကပ်စက်များ၊ အသက်ရှူကိရိယာများ အကူအညီဖြင့် ကြိုးစားကုသသော်လည်း တနင်္ဂနွေနေ့တွင် ကွယ်လွန်သွားသည်။

အင်တာနက်။

ဘဂ္ဂဒက်တွင် ပေါက်ကွဲမှုများဖြစ်ပွား အသေအပျောက် မသိရသေး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်တွင် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ပေါက်ကွဲသံများ ဆက်တိုက်ကြားကြရသည်။ ထိုပေါက်ကွဲမှုများအနက် တစ်ခုမှာ အမေရိကန်တို့ထိန်းချုပ်ထားပြီး လုံခြုံရေးအစောင့်အကြပ် တင်းကျပ်စွာချထားသည့် အစိမ်းရောင်နယ်မြေအတွင်းမှဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ယာဉ်အနီး၌လည်း လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားရာနေရာကို အမေရိကန်တပ်ဖွဲ့များက ပိတ်ဆို့ထားသဖြင့် ထိခိုက်သေကျေမှုအခြေအနေကို ချက်ချင်းမသိရသေးကြောင်း ရဲတပ်ဖွဲ့သတင်းကဆိုသည်။

အစိမ်းရောင်နယ်မြေအတွင်း မော်တာကျရောက် ပေါက်ကွဲခဲ့ကြောင်း ရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။ ထိုဖြစ်ရပ်နှင့် ပတ်သက်၍လည်း အမေရိကန်တို့က တစ်စုံတစ်ရာ ထုတ်ဖော်ကြေညာခြင်းမပြုပေ။

ပြီးခဲ့သောနှစ်ရက်က မိုဆိုးလ်မြို့၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည့်အတွက် မြို့လူထုမှ ချောက်ချားခဲ့ကြသည်။ ထိုမြို့သို့ လုံခြုံရေးတပ်ဖွဲ့များ ထပ်မံစေလွှတ်ကာ အင်အားကောင်းသော အယ်လ်ခိုင်ဒါ လက်နက်ကိုင်များကို အပြီးသတ်နှိမ်နင်းရန် သက်ဆိုင်ရာများက စီစဉ်လျက်ရှိသည်။

အင်တာနက်။

ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ အာဖဂန်လေးဦး သေဆုံး

ကိုဆ့်စ် (အာဖဂန်နစ္စတန်) ဇန်နဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ပါကစ္စတန်နိုင်ငံနယ်စပ်ရှိ ကို့စ်ပြည်နယ်တွင် ဇန်နဝါရီ ၂၅ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ အာဖဂန်တိုက်ခိုက်ရေးသမားလေးဦး သေဆုံးကြောင်း ပြည်နယ်တာဝန်ရှိသူက ပြောကြားသည်။

သောကြာနေ့ကလည်း ကူနာပြည်နယ် အရှေ့ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်စဉ် တာလီဘန် သောင်းကျန်းသူများ တိုက်ခိုက်မှုကြောင့် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်။ ၎င်းစစ်ဆင်ရေးတွင် လေတပ်ပစ်ကူမှု အသုံးပြု တိုက်ခိုက်ခဲ့ရသည်။

ဒဏ်ရာရရှိ

ထိုတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့ဝင်သုံးဦး၊ အာဖဂန်စကားပြန်တစ်ဦးနှင့် ပြည်တွင်း လုံခြုံရေးအဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

လွန်ခဲ့သည့် နှစ်နှစ်ကျော်က နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံခြားတပ်ဖွဲ့ဝင် ၃၀၀ ကျော် အပါအဝင် ပြည်သူ ၁၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်၌ အအေးလွန်ကဲမှုကြောင့် ခရီးသည်တစ်သိန်းကျော် သောင်တင်

ပေကျင်း ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဆီးနှင်းကျခြင်း၊ မိုးရွာခြင်းနှင့် အအေးလွန်ကဲခြင်းများကြောင့် ရထားများနောက်ကျခဲ့ပြီး ခရီးသည်တစ်သိန်းကျော် ဘူတာများတွင်သောင်တင်လျက်ရှိသည်။ ၎င်းအပြင် အမြန်လမ်းမများလည်း ပိတ်ခဲ့ရပြီး လေယာဉ်ခရီးစဉ်များလည်းဖျက်သိမ်းခဲ့ရသည်။ ဆီးနှင်းများနှင့် ရေခဲမိုးများ ကျဆင်းမှုကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ် ပြတ်တောက်ခဲ့ပြီးနောက် ယူနန်ပြည်နယ်ရှိ ရထားလမ်းပေါ်တွင် ခရီးသည်တင်ရထား ၁၃၆ စင်းနှင့် လျှပ်စစ်ရထားများ ရပ်ဆိုင်းခဲ့ရသည်။ တရုတ်နိုင်ငံ တောင်ပိုင်းရှိ ကွမ်ကျိုးပြည်နယ်နှင့် ပေကျင်းမြို့သို့ ဆက်သွယ်သောလမ်းတစ်လျှောက် ဘူတာရုံများတွင် ခရီးသည် ၄၀၀၀၀ ခန့် သောင်တင်နေပြီး အခြားခရီးသည် ၅၀၀၀၀ သည်လည်း ကွမ်ကျိုးပြည်နယ် ဘူတာရုံတွင် စောင့်ဆိုင်းနေရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားမှ နျူကလီးယားလောင်စာပို့ကုန် ခုနစ်ကြိမ်မြောက် အီရန်ရရှိ

တီဟီရန် ဇန်နဝါရီ ၂၇

အီရန်နိုင်ငံ ဘူရှိုင်းဆိပ်ကမ်းရှိ ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံအဆောက်အအုံအတွက် ဇန်နဝါရီ ၂၆ ရက်က ရုရှားနိုင်ငံမှ သတ္တမအသုတ်ပေးပို့သည့် နျူကလီးယားလောင်စာများ အီရန်နိုင်ငံက လက်ခံရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

၈၂ တန် ပေးပို့မည်

နှစ်နိုင်ငံအကြား သဘောတူညီမှုအရ ရုရှားနိုင်ငံက အီရန်သို့ နှစ်လအတွင်း နျူကလီးယားလောင်စာ ၈၂ တန် ပေးပို့မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၂)

ပါမောက္ခ ဒေါက်တာပိုင်စိုး

ခေတ်မီသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ ပစ္စည်းအင်အား၊ လူအင်အား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ လတ်တလောဖြစ်ပေါ်နေသော ရောဂါများအား ကာကွယ်ကုသရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်မှ လျစ်လျူရှုမထားဘဲ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ

ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်ပွားမှ ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဟူသည့် စကားနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွက် ငှက်ဖျားရောဂါသည် ကျန်းမာရေးပြဿနာ တစ်ရပ်အဖြစ် ရှိနေပါသေးသည်။ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွင် ကျန်းမာရေးပညာပေးခြင်း၊ ဆေးစိမ်ခြင်ထောင်သုံးစွဲခြင်းဖြင့် တစ်ကိုယ်ရေ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်နှိမ်နင်းခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါ စောစီးစွာ ရှာဖွေပြီး ထိရောက်စွာ ကုသမှုပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ကပ်ရောဂါအသွင် ဖြစ်ပွားမှုကို တားဆီးကာကွယ်ခြင်း၊ ဆက်စပ်ဌာနများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် **ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးမှုမှာ ၁၉၉၀ ပြည့်နှစ်မှစတင်၍ ကျဆင်းလာကြောင်း တွေ့ရပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ၁၉၈၈ ခုနှစ်က လူဦးရေတစ်သိန်းတွင် ၂၄၀၀ ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၉၀၀ အထိ ကျဆင်းလာပါသည်။ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုမှာလည်း ၁၉၈၈ ခုနှစ်က လူဦးရေ တစ်သိန်းတွင် ၁၀ ဦးရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် သုံးဦးအထိ ကျဆင်းခဲ့ပါသည်။**

ငှက်ဖျားရောဂါကာကွယ်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သော ဆေးစိမ်ခြင်ထောင် ဖြန့်ဝေခြင်းလုပ်ငန်းကို ၁၉၈၈ ခုနှစ်မတိုင်မီက မဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်မှစ၍ ငှက်ဖျားကြောင့် သေဆုံးမှု အများဆုံးဖြစ်သော ကယားပြည်နယ်အပါအဝင် ငှက်ဖျားထူထပ်သော ဝေးလံခက်ခဲသည့် ဒေသများသို့ နှစ်စဉ် တာရှည်ခံ ပိုးသတ်ဆေးစိမ်ခြင်ထောင်အလုံး ၅၀၀၀၀ ခန့် ဖြန့်ဝေနိုင်ခဲ့ပါသည်။ ၎င်းပြင် ငှက်ဖျားဒေသမှ ကျေးရွာများရှိ မိသားစုများ အသုံးပြုလျက်ရှိသော ရိုးရိုးခြင်ထောင်အလုံး သုံးသိန်းမှ လေးသိန်းအထိ ပိုးသတ်ဆေးစိမ်ခြင်း လုပ်ငန်းကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျက် ရှိပါသည်။

၁၉၈၈ ခုနှစ်မတိုင်မီက မြို့နယ်ဆေးရုံများတွင်သာ အဏုကြည့်မှန်ဘီလူးဖြင့် ငှက်ဖျားသွေးစစ်ခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်မှစ၍ အဏုကြည့်မှန်ဘီလူးဖြင့် ငှက်ဖျားသွေးစစ်ခြင်းလုပ်ငန်းကို ကျေးလက်ကျန်းမာရေးဌာနပေါင်း ၇၀၀ ခန့်၌ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ကုထုံးသစ်အရ အသုံးပြုမည့် အလျင်အမြန် သွေးဖောက်စစ်ဆေးနိုင်သည့်ကိရိယာ (Rapid Diagnostic Test)များနှင့် Artemisinin အခြေပြုသော ကုထုံးသစ် (Artemisinin based Combination Tharapy) (ACT) ကို ကျေးလက်ကျန်းမာရေးဌာနခွဲအားလုံးအထိ ဖြန့်ဝေသုံးစွဲနိုင်ခဲ့ပါသည်။



ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးနှုန်း(၁၉၈၈-၂၀၀၆)

တီဘီရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေး ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တီဘီဝေဒနာရှင်ပေါင်း တစ်သိန်းနှစ်သောင်းကျော်ခန့်ရှိပြီး ၎င်းတို့ထက်ဝက်ခန့်မှာ ကူးစက်နိုင်သော သလိပ်ပိုးတွေ့ လူနာများဖြစ်သည်ဟု ခန့်မှန်းရပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထောက်ခံထားသည့် **"တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု"** နည်းဗျူဟာ အကောင်အထည်ဖော်နိုင်မှုကို တဖြည်းဖြည်း တိုးချဲ့လာခဲ့ရာ ၂၀၀၃ ခု နှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၃၂၅ မြို့နယ်ကို လွှမ်းခြုံနိုင်ခဲ့ပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးအတွက် အမျိုးသားမဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၀၆-၂၀၁၀) "Five years national strategic plan 2006-2010" ကို ရေးဆွဲနိုင်ခဲ့ပါသည်။ ၎င်းငါးနှစ်စီမံကိန်းအား ကမ္ဘာ့တီဘီရောဂါ ရပ်တန့်ရေး မဟာဗျူဟာအသစ် (New stop TB Strategy)နှင့် အပြည်ပြည်ဆိုင်ရာ အဆင့်မီ တီဘီရောဂါပြုစုစောင့်ရှောက်မှု (International Standard for TB Care)တို့နှင့် လိုက်လျောညီထွေစွာ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ၁၉၉၄ ခုနှစ်တွင် သလိပ်ပိုးတွေ့ လူနာသစ်ရှာဖွေတွေ့ရှိမှုနှုန်း (Care detection rate) ၃၂ ရာခိုင်နှုန်းနှင့်ကုသအောင်မြင်နှုန်း ၇၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် သလိပ်ပိုးတွေ့လူနာသစ် ရှာဖွေတွေ့ရှိမှုနှုန်း ၈၆ ရာခိုင်နှုန်းနှင့် အောင်မြင်နှုန်း ၈၅ ရာခိုင်နှုန်းသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

Indicators	1994	1999	2000	2001	2002	2003	2004	2005
DOTS Covered Population (%)	8	65	85	90	95	95	95	95
DOTS Covered Township (%)	6	52	71	80	95	100	100	100
Case Detection Rate (%)	32	43	56	61	70	73	81	95
Cure Rate (%)	61	74	70	73	74	72	75	75.2
Treatment Success Rate (%)	78	82	81	82	82	81	84	84

တီဘီရောဂါ DOTS နည်းဗျူဟာ အကောင်အထည်ဖော်နိုင်မှု

ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) တိုက်ဖျက်ရေးစီမံချက်သည် အိပ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက် ပြန့်ပွားမှု/အိပ်ချ်အိုင်ဗွီ ရောဂါပိုးကြောင့် စီးပွားရေး၊ လူမှုရေး ဆိုးကျိုး သက်ရောက်မှုများ၊ နာမကျန်းမှု၊ သေဆုံးမှုများ လျော့ကျ စေရေးအတွက် ရည်ရွယ်ပါသည်။ အဆိုပါ ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ပြည်နယ်နှင့် တိုင်းများ၏ အရေးပါသော နေရာအသီးသီးရှိ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများသည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ကုသရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါ အဓိကလုပ်ငန်းစဉ်ကြီး (၁၀)ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်-

(က) အသိပေးဆွေးနွေးခြင်း။
(ခ) ရောဂါ ကာကွယ်တားဆီးရေး အသိပညာများပေးခြင်း။
(ဂ) လိင်မှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု လျော့နည်းကျဆင်းစေရန် ဆောင်ရွက်ခြင်း။
(ဃ) မူးယစ်ဆေးသုံးစွဲသူများတွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကျဆင်းလာစေရန် ဆောင်ရွက်ခြင်း။
(င) မိခင်နှင့် ကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကျဆင်းလာစေရန် ဆောင်ရွက်ခြင်း။
(စ) အိပ်ချ်အိုင်ဗွီ ကင်းစင်သော သွေးရရှိစေရန် ဆောင်ရွက်ခြင်း။
(ဆ) ဝေဒနာရှင်များအား ပြုစုကုသမှု ပေးခြင်း။
(ဇ) ဌာနပေါင်းစုံ ပါဝင်ပူးပေါင်း လာစေရန် ဆောင်ရွက်ခြင်း။
(ဈ) အထူး စီမံချက်များ ဆောင်ရွက်ခြင်းနှင့်
(ည) လုပ်ငန်းများ ပြန်လည်သုံးသပ် ဆန်းစစ်ခြင်း
တို့ ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂ အေအိုင်ဒီအက်စ် (UNAIDS)အဖွဲ့တို့နှင့် နောက်ဆုံးပေါ် တွက်ချက်မှုနည်းလမ်းများကို အသုံးပြုပြီး ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ ရောဂါပိုး ကူးစက်ခံထားရသူ ဦးရေခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူများတွင် အိပ်ချ်အိုင်ဗွီပိုး ဖြစ်ပွားနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၀ ဒသမ ၉၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၀ ဒသမ ၆၇ ရာခိုင်နှုန်းသို့ လျော့ကျလာကြောင်း သိရှိရပါသည်။ လက်ရှိ ၂၀၀၇ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူနှင့် အေအိုင်ဒီအက်စ် ဖြစ်ပွားနေသူပေါင်း ၂၄၀၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ၁၄၀၀၀ ခန့်မှာ ရောဂါပိုး(အသစ်) ကူးစက်ခံရသူများဖြစ်ပါသည်။

နိုင်ငံတော် အဆင့် ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လူပ်ရှားမှုပြပွဲကြီး နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များ၌ ပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှစ၍ အိပ်ချ်အိုင်ဗွီပိုး ကင်းစင်သည့် သွေးရရှိရေး လုပ်ငန်းကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆေးရုံများတွင် ယခုအခါ နှစ်စဉ် သွေးပုလင်းပေါင်း ၂၀၀၀၀၀ ခန့်ကို အသုံးမပြုမီ အိပ်ချ်အိုင်ဗွီပိုး စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ Access for Ace မူအရ ရောဂါကူးစက် ခံထားရသည့် ဝေဒနာရှင်များနှင့် ၎င်းတို့ မိသားစုဝင်များအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ အေအာတီဆေးဝါး တိုက်ကျွေးခြင်းနှင့် အိမ်တွင်း ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၀၆ ခုနှစ်တွင် အေအိုင်ဒီအက်စ် လူနာစုစုပေါင်း ၆၅၀၀ သည် အိပ်ချ်အိုင်ဗွီရောဂါပိုး ထိန်းချုပ်သော ဆေးဝါးတိုက်ကျွေးသည့် ကုထုံးရရှိခဲ့ကြပါသည်။ အိမ်တွင်း စနစ်တကျ ပြုစုစောင့်ရှောက်မှုပေးရန် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ရောဂါသည်များအတွက် ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ အခြားနီးနွယ်သော ဝန်ကြီးဌာနများနှင့် ပြည်တွင်း ပြည်ပ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်နေပါသည်။ လူထုလှုပ်ရှားမှု အသွင်ဖြင့် ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အနာကြီး ရောဂါသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း များစွာကပင် ရှိခဲ့သော ကူးစက်ရောဂါတစ်ခုဖြစ်ပါသည်။ ယင်းရောဂါ၏ နောက်ဆက်တွဲ ပြဿနာတစ်ခုဖြစ်သော ကိုယ်အင်္ဂါပျက်စီးမှုနှင့် ချို့ယွင်းမှုများသည် ရောဂါဖြစ်သူနှင့် မိသားစုအား အကြီးမားဆုံး လူမှုရေးနှင့် စီးပွားရေး ပြဿနာများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အနာကြီး ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆေးပေါင်းတိုက်ကျွေးမှု စနစ်ဖြင့် ကုသပေးလျက်ရှိသဖြင့် ရောဂါကင်းသူများ နှစ်စဉ် တိုးတက်များပြားလာခဲ့ပါသည်။ **အနာကြီးရောဂါ ဖြစ်ပွားမှုမှာ ၁၉၈၇ ခုနှစ်၌ လူဦးရေ ၁၀၀၀၀ လျှင် ၅၄ ဒသမ ၄ ဦး ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၁ ဒသမ ၄၀ ဦး၊ ၂၀၀၅ ခုနှစ်တွင် ၀ ဒသမ ၄၈ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၀ ဒသမ ၄၇ ဦးသို့ လျော့နည်းသွားပြီဖြစ်၍ အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှား**



ကိုယ်ဝန်ဆောင် မိခင်များတွင် ခုခံအားကျ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလာခြင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ခေတ်မီ မီးသတ်စခန်းများ စစ်ဆေး တာဝန်ရှိသူများအား မီးလောင်မှုလျော့ပါးရေး ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ (၅)ယူနစ်နှစ်ထပ်အာရ်စီစီ အဆင့်မြင့်မီးသတ်စခန်းတည်ဆောက်ရေးစီမံကိန်း (ဘုရင့်နောင်မီးသတ်စခန်း)တွင် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ စမ်းချောင်း မီးသတ်စခန်း (၅)ထပ် အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေသိုလှောင်မှုစနစ်များ၊ အလိုအလျောက် ရေဖျန်းစနစ် တပ်ဆင်အသုံးပြုမှုနှင့် ခေတ်မီ

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် နှစ်ဖက်သောအဘိုးအဘွားများနှင့် မိဘနှစ်ပါးအားရည်စူး၍ လမ်းမတော် (၁၅)လမ်းနေ သမီး မမြင့်မြင့်ဝေက ငွေကျပ်တစ်သိန်းလှူဒါန်းစဉ်။ (က-ပ)

မီးသတ်ကိရိယာများ တပ်ဆင်ထားရှိမှု၊ လက်တွေ့အသုံးပြုမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်ဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာနသို့ ရောက်ရှိကာအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာနိုင်ငံအတွင်း ၂၀၀၆ခုနှစ်တွင် မီးလောင်မှု ၈၃၃ ကြိမ်၊ ၂၀၀၇ခုနှစ်တွင် မီးလောင်မှု ၉၄၄ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၀၈ခုနှစ်တွင် မီးလောင်မှုလျော့နည်းစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ကြရေး၊ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို လေ့လာဆန်းစစ်၍ ကြိုတင်ကာကွယ်မှုများ စနစ်တကျ ဆောင်ရွက်ကြရေး၊ မီးငြိမ်းသတ်ရေးအပြင် ပြည်သူများသဘာဝဘေးအန္တရာယ်နှင့် မတော်တဆဖြစ်ပွားမှုအန္တရာယ်များကျရောက်ပါကလည်း ထိထိရောက်ရောက် ကူညီကယ်ဆယ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မရမ်းကုန်းမြို့နယ်ရှိ (၅)ယူနစ် နှစ်ထပ်အာရ်စီစီ အဆင့်မြင့်မီးသတ်စခန်း တည်ဆောက်ရေးစီမံကိန်း (ဘုရင့်နောင် မီးသတ်စခန်း) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း)ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁နာရီခွဲတွင် မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄)ခေါင်းဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စည်းကမ်းထိန်းသိမ်းရေးဌာန-ဌာနမှူး ရဲမှူးကြီးဌေးအောင်က ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးပြီး အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြကာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အသုံးချဆော့(ဖ်)ဝဲအကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ချိုချိုကုမ္ပဏီလီမိတက်က ကြီးမှူး၍ ကွန်ပျူတာ Software Application Product Launch Seminar ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ Management Accountancy & Training Ltd နှင့် Design Printing Service တို့ပါဝင်ပြသပြီး ဖိတ်ကြားထားသည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Management Accountancy & Training Ltd မန်နေဂျင်းဒါရိုက်တာ ဒေါက်တာတင်လတ်က အဖွင့်အမှာစကားနှင့် ဆွေးနွေးပွဲ ကျင်းပမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ချိုချိုကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးဝေဖြိုးလင်းက Retail Management System (လက်လီလက်ကားအရောင်းစနစ်)ဖြစ်သော Point Sales ခေါ်သည့် စတိုးဆိုင်ကောင်တာတွင် ကုန်ရောင်းချမှု၊ Barcode Reader ဖြင့် မှန်ကန်မြန်ဆန်စွာရောင်းချမှု၊ Inventary Management ဖြင့် ကုန်လက်ကျန်များကို ဂိုဒေါင်၊ အရောင်းဆိုင်အလိုက် ထိန်းချုပ်စီမံနိုင်မှုနှင့် Purchasing Management(ကုန်ဝယ်ယူမှု ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်)ဖြစ်သော ကုန်အမှာစာများ ကုန်ဝယ်ပြန်ပို့မှု၊ ကုန်ဝယ်ပြန်လဲမှုလုပ်ငန်းနှင့် ပြန်ပို့ကုန်ငွေပြန်အမ်းသည့်လုပ်ငန်း ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ လက်ကားအရောင်းတွင် ကုန်ရောင်းငွေတောင်းခံခြင်း၊ ကုန်ရောင်းပြန်ပို့ခြင်း၊ ဝယ်သူမှပြန်ပို့သည့် ကုန်ပြန်လဲခြင်းနှင့် ငွေပြန်အမ်းခြင်းတို့ကို ထိရောက်စွာ စီမံနိုင်မှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကုန်လက်ကျန်၊ ကုန်ရောင်းခြင်းနှင့် အရောင်းရဆုံးကုန်ပစ္စည်း ဆန်းစစ်ခြင်းအပြင် အကြမ်းအမြတ်ကို ရက်၊ လအလိုက် ရွေးချယ်နိုင်သည့်စနစ်ကိုလည်းကောင်းရှင်းလင်းပြောကြားသည်။

ထို့ပြင် လုပ်ငန်းသုံးကားများ၊ အရောင်းကားများအတွက် ထိန်းချုပ်မှုနှင့် သက်ဆိုင်သည့် Route Track System (မြို့တွင်းခရီးသွားလာမှု မှတ်တမ်းတင် ကွန်ပျူတာစနစ်) ဖြစ်သော လုပ်ငန်းသုံးကားများအား ကားတစ်စီးအလိုက် သွားလာသည့်အချိန်၊ ရပ်နားခဲ့သည့်ကာလနှင့် ကြာမြင့်ချိန်၊ သွားခဲ့သည့်အကွာအဝေး ကီလိုမီတာနှင့် ခရီးစဉ်အတွက် ခန့်မှန်းလောင်စာဆီကုန်ကျမှုတို့ကို မှတ်တမ်းတင် စောင့်ကြပ်နိုင်မှုတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Employee Time Attendance & Pay Roll Management စနစ်ဖြင့် ဝန်ထမ်းများ ရုံးတက်၊ ရုံးဆင်းချိန်များကို ဝန်ထမ်းကတ်တွင် ဘားကုတ် ID များရိုက်နှိပ်၍ Barcode Reader တွင် အလုပ်တာဝန် ထမ်းဆောင်ကြောင်း ထည့်သွင်းသည့်အခါ Web Com ကင်မရာမှတစ်ဆင့် စောင့်ကြပ်နိုင်ပြီး အလုပ်ဆင်းချိန်အလိုက် လစာများ၊ အချိန်ပို လုပ်ခလစာများ တွက်ချက်နိုင်သည့်အပြင် ဝန်ထမ်းများ အတွက် ရာထူး၊ ခံစားခွင့်၊ အလုပ်ချိန်နှင့် ခွင့်ရက်များကိုစီမံခန့်ခွဲနိုင်ကြောင်းပြောကြားပြီး မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများကခင်းကျင်းပြသထားသည့် အသုံးချဆော့ဖ်ဝဲများနှင့် ဆက်စပ်ပစ္စည်းများကို လေ့လာကြည့်ရှုကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

Software Application Product Launch Seminar တွင် ချိုချိုကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးဝေဖြိုးလင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

➡ စာမျက်နှာ (၆) ဆောင်းပါးမှ အဆက်

နိုင်ပြီ ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံအား အနာကြီးရောဂါကင်းဝေးသော နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ကူးစက် ရောဂါများကြောင့် ကလေးသူငယ်များ သေဆုံးမှုနှုန်း မြင့်မားကြပါသည်။ ထို့ကြောင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများမှ ကလေးငယ်များ ကင်းစင်စေရန် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းအနေဖြင့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်၊ အဆုတ်ရောဂါနှင့် အသည်းရောင် အသားဝါ(ဘီ) ရောဂါ ခုနစ်မျိုး ကာကွယ်ဆေးများကို ကလေးသူငယ်များအား ထိုးနှံတိုက်ကျွေးပေးရာ တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးတွင် လွှမ်းခြုံမှု ရရှိပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပိုလီယို ကင်းစင်ရေးအတွက် ၁၉၉၆ခုနှစ်မှစ၍ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များ လေးကြိမ် စုစုပေါင်း (၁၂)ကြိမ်အထိ ကျင်းပဆောင်ရွက်နိုင်သည့်အတွက် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၆ခုနှစ် နှစ်ဆန်းပိုင်းအထိ ခြောက်နှစ်ကျော် ပိုလီယိုအကြောသေရောဂါ ပပျောက်ခဲ့သော်လည်း ၂၀၀၆ခုနှစ် မေလတွင် ပြင်ဦးလွင်မြို့နယ်၌ လည်းကောင်း၊ ၂၀၀၇ခုနှစ် မေလတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ပဲခူးတိုင်း ဖြူးမြို့နယ်များ၌ လည်းကောင်း၊ ကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုးများ တွေ့ရှိခဲ့ပါသည်။ ဤသို့သော အခြေအနေများကြောင့် ပိုလီယိုရောဂါပိုးများ၏ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး၊ ကလေးငယ်များတွင် ရောဂါပိုးခုခံနိုင်မှု စွမ်းအားများ မြင့်မားစေရေးတို့အတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မွေးကင်းစမှ ငါးနှစ်အောက် ကလေးငယ်အားလုံးကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးနိုင်ရန် ၂၀၀၇ခုနှစ်အတွက် "အမျိုးသားကာကွယ်ဆေးတိုက်နေ့များ"အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေး သေဆုံးရခြင်း အကြောင်းတစ်ရပ်မှာ ဝမ်းပျက်ဝမ်းလျှော ရောဂါကြောင့်ဖြစ်ပါသည်။ ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ရခြင်းမှာ အစားအစာနှင့် သောက်သုံးရေ မသန့်ရှင်းမှု၊ ပတ်ဝန်းကျင်မသန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဤရောဂါကို ကာကွယ်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုပါရှိမှသာ ထိရောက်မှုရှိမည်ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ် မေလတွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို စတင်ကျင်းပခဲ့ပြီး ၂၀၀၇ ခုနှစ် အထိ ဆက်လက်ကျင်းပခဲ့ပါသည်။ ဤလှုပ်ရှားမှုများကြောင့် ပြည်သူလူထုအား ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပိုမိုသိရှိလာစေခဲ့ပါသည်။ ဒေသထွက်ပစ္စည်းများဖြင့် စရိတ်သက်သာစွာ အသုံးပြုနိုင်သည့် ယင်လုံအိမ်သာ ဆောက်လုပ်ရေး နည်းပညာများကို ပြည်သူလူထုအတွင်း ဖြန့်ဝေနိုင်ခဲ့ပါသည်။

သမားရိုးကျ ဖြစ်ပွားနေသော ရောဂါများအတွက် ကာကွယ်နှိမ်နင်းရေး လုပ်ကိုင်နေသည့် တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝန်း၌ လတ်တလော ပေါ်ပေါက်နေသော ကူးစက်မြန်ရောဂါများအတွက် ကာကွယ်ရန် အသင့်အနေအထား ပြင်ဆင်ထားရှိပါသည်။ SARS၊ ကြက်ငှက်တုပ်ကွေးစသော ကူးစက်ရောဂါများအတွက် အရေးပေါ်တုံ့ပြန်မှုအဖွဲ့များ ဖွဲ့စည်းထား၍ ဝင်ရောက်လာနိုင်သည့် နိုင်ငံ၏ဝင်ပေါက်များ၌ စောင့်ကြည့် ကြပ်မတ်စစ်ဆေးပေးမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ပွားခဲ့လျှင်လည်း ကုသနိုင်ရန် သူနာပြုစုခန်းများအား အဆင်သင့်ပြင်ဆင်ထားရှိပါသည်။ ။

ကွင်းဆင်းကြည့်ရှု

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော တော်လတီ-ကလော့သော့တိုင်းချင်းဆက်လမ်းရှိ တံတားများ ကြံ့ခိုင်မှုရှိမရှိကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်တို့ ဇန်နဝါရီ ၁၀ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

* ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ မိုးလုံလေလုံအားကစားရုံ ပြုပြင်တည်ဆောက်နေမှု၊ ဘုတ်ပြင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်တည်ဆောက်နေမှုလုပ်ငန်းများနှင့် ကြွေပြားကပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလှူတော်ငွေ လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ ဗိုလ်လှဖေဆိပ်ခံတံတား ပြန်လည်ပြုပြင်တည်ဆောက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ဘုတ်ပြင်းမြို့လယ်ရှိ အေးချမ်းသာ ဆိပ်ခံတံတား တည်ဆောက်နေမှုနှင့် အေးချမ်းသာ ကားလမ်းကူး ကွန်ကရစ်တံတား အသစ်တည်ဆောက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဘုတ်ပြင်းမြို့ အတုလာဓိပတိ မဟာမုနိ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ဗုဒ္ဓရုပ်ပွားတော်မြတ် ဘက်စုံတည်ဆောက်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ်မြေခံတပ်ရင်း စိုက်ခင်းအတွင်း သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းမိသားစု သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ဘုတ်ပြင်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် အိမ်ထောင်စုဝင် မိသားစုများအား တွေ့ဆုံ၍ တပ်ရင်းတပ်ဖွဲ့ မိသားစုများအတွက် ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ဒဂုံ ဆီအုန်းစက်ရုံတွင် ဆီအုန်းထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း ဆီအုန်းပင်များ၏ အသီးထွက်ရှိမှုကိုလည်းကောင်း၊ မိုးရာသီတွင် တိုးချဲ့စိုက်ပျိုးရန် ဆီအုန်းပျိုးပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် ကရသူရိမြို့သို့ရောက်ရှိကြကာ ကရသူရိမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကရသူရိမြို့နယ်မြေခံတပ်ရင်း၌ အရာရှိ၊ စစ်သည်များနှင့် အိမ်ထောင်စုဝင် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုများအတွက် ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကရသူရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် မြိတ်နှင့်ထားဝယ်ဒေသကို ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် ထည့်သွင်းကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ လွယ်ကူအဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့မြို့ ဖွံ့ဖြိုးရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများသည် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် ဆီနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များသို့ တူညီဝတ်စုံများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီတွင် ကျောက်ထနောင်းတပ်နယ်သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆီနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သူရသက်ဆွေနှင့် တပ်မတော်အရာရှိများလိုက်ပါလျက် တပ်မတော်ရေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ပုလဲကျွန်းသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရစက်မှုလက်မှု သိပ္ပံအဆောက်အအုံသစ် ဆောက်လုပ်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဆောင်သစ်မှာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀)ဆံ့ ပင်မလူနာဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ လူနာဆောင်သစ်မှာ ယခုအခါ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဟားခါး-ဂန့်ဂေါလမ်းပိုင်း မိုင်တိုင်အမှတ် ၂၁ မိုင် ၄ ဖာလုံ၌ စက်ယန္တရားကြီးများဖြင့် ယာဉ်သွားလမ်း ချဲ့ထွင်ဖောက်လုပ်နေမှု၊ မိုင်တိုင်အမှတ် (၃၂)မိုင်၌ မြေထိုးစက်ကြီးများဖြင့် မြေထိန်းနံရံ ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ဆိပ်ကြီးခနောင်တိုမြို့နယ် အ-ထ-က တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စက်ကလေးရပ်ကွက်သို့ရောက်ရှိပြီး အရှည်ပေ ၆၅၀၊ အကျယ် လေးပေရှိသော ကျောင်းလမ်းပြုပြင်ဆောင်ရွက်နေမှုနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးထားသော ရေစုပ်စက်နှင့် မီးသတ်ပိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက် တမာတကော-ကျောင်းဝိုင်း မြေသားလမ်းနှင့် ကုန်းရွာချောင်း တံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် အလတ်ချောင်းရပ်ကွက် ချောင်းဝကျောင်းတိုက်၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း ၂၀ ကို လက်ခံသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ချောင်ဝိုင်းလေးကျေးရွာသို့ရောက်ရှိပြီး ခရိုင်ချင်းဆက် လမ်းဖောက်လုပ်နေမှုနှင့် ချောင်ဝိုင်းလေး ချောင်းကူးတံတားတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးအား ယာယီရှင်းလင်းဆောင်၌ ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးငွေနှင့် တာဝန်ရှိသူများက ခရိုင်ချင်းဆက်လမ်း တံတားဖောက်လုပ်နေမှု အခြေအနေနှင့် မဟာဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ဓမ္မပီတိတံတားနှင့် အထက တံတားများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲမှ စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်း (၂/၂၀၀၇) ဆင်းပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

(အောက်ပုံ)

သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၇ ရက်က ကမာရွတ်မြို့နယ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဒေါက်တာဒေါ်စန္ဒာအောင် ကျောင်းကျန်းမာရေး စံပြဆုရကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့၏ ပဌမအကြိမ်မြောက် ညီလာခံကို ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ သူနာပြုဆရာမများ၊ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်း၌ လမ်းသစ်ဖွင့်ပွဲများ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့ ရုံးကြီးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး အလျားပေ ၆၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မ,တည်ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒေးဒရဲမြို့ မော်အိုင်ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းဆောက်လုပ်ပြီးစီးမှုနှင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖျာပုံမြို့ အမှတ်(၅)လမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ကတ္တရာလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘိုကလေးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် စက်ကုန်းအခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသစ်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း အလျားပေ ၅၀၊ အနံပေ ၅၀ ရှိ သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖျာပုံမြို့နယ် အမှတ် (၅)လမ်း ကတ္တရာလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသား အားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင်ဘုရားလမ်းရှိ ဓာတ်ပေါင်းစုံ အောင်မင်းခေါင် ဘုန်းကြီးကျောင်းတိုက်အတွက် နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးသူရနိုင်၊ Dr. Steven ကျော်ထွဋ်အောင်နှင့် ကနေဒါနိုင်ငံမှ ဗုဒ္ဓဘာသာဝင် မိတ်ဆွေများ စုပေါင်း၍ အလှူငွေကျပ် ၇၈ သိန်းကို ဓာတ်ပေါင်းစုံကျောင်းတိုက် ဆရာတော် ဦးသီလဝံသထံ ရေစက်ချလှူဒါန်းရာ ဗဟန်းမြို့နယ် သာသနာရေးမှူး ဦးအောင်ကျော်မြင့် လက်ခံယူစဉ်။ (သတင်းစဉ်)

(၁၉)ကြိမ်မြောက် အထက(၂) ဒဂုံ(မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ကန်တော့ခံ ဆရာမတစ်ဦးအား ကျောင်းသားဟောင်း အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)က ကန်တော့ခံပစ္စည်း လှူဒါန်းစဉ်။ (က–ပ)

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး တာဝန်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လူမှုဝန်ထမ်း ဦးစီးဌာန လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်းရုံး၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး တာဝန် ပေးအပ်ပွဲကို ကျင်းပရာ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ရန်ကုန်၊ မန္တလေးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးဇော်မင်းနှင့် မူးယစ်ကြီးကြပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် စခန်းတွင် ပြန်လည်ထူထောင်မှုခံယူနေသည့် သင်တန်းသားများ တက်ရောက်ကြသည်။

(လူမှုဝန်ထမ်း)

သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပေးရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၇

မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးကော်မတီကကြီးမှူး၍ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များ အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

မြို့နယ် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဦးဇော်လင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဥမ္မာမြင့်တို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပြည်သူလူထုပါ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များကို အသိပေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပိုးလောက်လမ်းစား ငါးများကို ရပ်ကွက် ၂၀ မှ ဥက္ကဋ္ဌများသို့ မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက အသီးသီး ခွဲဝေပေးအပ်လိုက်သည်။

(အောက်ပုံ) (၃၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၁–၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅–၁:၀၅	"နှစ်ဖက်လုပိုင်ရှင် သူတော်စင်"တရားတော် (ဆရာတော်ဘဒ္ဒန္တ တေဇာစာရ)
၈:၀၅–၂:၀၅	Soccer Update
၈:၂၀–၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅–၂:၂၅	ပူဇော်ထိုက်က ပူဇော်ရ
၈:၄၀–၂:၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉:၀၀–၃:၀၀	တေးဂီတအစီအစဉ်
၉:၀၅–၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅–၃:၁၅	'တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ' (ကြက်မွေးမြူရေး)
၉:၃၀–၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅–၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀–၃:၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ) (ဒေါက်တာသီတာအောင်နှင့် တွေ့ဆုံခြင်း)
၁၀:၀၅–၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀–၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅–၄:၁၅	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ 'ဖိုးကျားဆင်စခန်း' အပိုင်း(၂)
၁၀:၂၅–၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅–၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၅–၄:၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (Myanmar Tribune ဂျာနယ်စီစဉ်သူ အောင်ကျော်ဆန်းနှင့် တွေ့ဆုံခြင်း)
၁၁:၀၅–၅:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀–၅:၁၀	ချိုသော အေးသော မွှေးသော ရင်ကိုစွဲငြိစေသော စားသောက်ဖွယ်ရာ
၁၁:၃၅–၅:၃၅	Yangon Panorama (Beyond The Golden Age Myanmar Women Art Exhibition)
၁၂:၁၀–၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅–၆:၁၅	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ
၁၂:၃၀–၆:၃၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂:၄၅–၆:၄၅	ဆောင်းလခါမီ၊ ဒါနဝေစည် တူညီဆင်နွှဲ၊ ဆွမ်းလောင်းပွဲ
၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉:၃၀	Ghana-Morocco	Euro Sport (Live)
၉:၃၀	Guiene-Namibia	Euro Sport (Live)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၁–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀	၈။	လှပခံ့ညား ဖျာပုံတံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Demonstration Exercise For Correct Pronunciation.
၄:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၅:၀၀	၅။	အကပဒေသာ
၅:၀၅	၆။	**"ချောင်းကမ်းဘေးကရွာကလေး" (နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင်) [ဒါရိုက်တာ–မြင့်စိုး (ဝ/သ ရန်ကုန်)]**
၅:၁၅	၇။	မြန်မာစာ၊ မြန်မာစကား
၅:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို အကများ
၅:၄၀	၉။	တေးဂီတအစီအစဉ် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၀	၁၃။	တေးဂီတအစီအစဉ်
၇:၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း–၁၈)**
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၂၀)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ခရမ်းမြို့နယ် အားကစားကွင်းတွင် ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၌ ပြုလုပ်သည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက်တွင် ခရမ်းမြို့အားကစားကွင်း မှခ်ဦးရှေ့၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းနောင်နှင့် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကြွရောက်လာသော ဧည့်သည်တော်များနှင့် ပရိသတ်များက ဈေးရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှု ဝယ်ယူအားပေးကြသည်။ ဈေးရောင်းပွဲတော်တွင် အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးပစ္စည်း၊ လူသုံးပစ္စည်းများ၊ စတီးပစ္စည်းများ၊ အပ်ချုပ်စက်၊ စက်ဘီးနှင့် ဗလာစာအုပ် အမျိုးမျိုးတို့ကို ဇန်နဝါရီ ၃၁ ရက်အထိ ဖွင့်လှစ်ရောင်းချပေးမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘောဇနဝံသ ဆွမ်းစားဆောင် တည်ဆောက်ရေး ငွေလှူ

ရန်ကုန် ဇန်နဝါရီ ၂၇

လှိုင်သာယာမြို့နယ် ရွှေပြည်သာ တံတားထိပ် အမှတ်(၂၂) ရပ်ကွက် ရွှေလင်ပန်းစက်မှုဇုန်အနီးရှိ ရွာမပရိယတ္တိ စာသင်တိုက်ခွဲ ကမ်းနားမြို့ဦး ကျောင်းတိုက်ဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် ဘောဇနဝံသ ဆွမ်းစားကျောင်းဆောင် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကမ်းနားမြို့ဦး ကျောင်း ဆရာတော် ဦးတေဇိန္ဒ (ဓမ္မာစရိယ) ဆရာတော်ထံမှ ငါးပါး သီလခံယူကြပြီး နှစ်ဖက်သော မိဘများနှင့် ရန်ကုန်မြို့ အင်းလျားလမ်းနေ ကွယ်လွန်သူ ဒေါ်သန်းနု (မန်နေဂျင်းဒါရိုက်တာ ခိုင်ရွှေဝင်းကုမ္ပဏီလီမိတက်)အား ရည်စူး၍ အလှူရှင်များဖြစ်သော ခိုင်ရွှေဝင်း ကုမ္ပဏီမှ ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေးမိသားစုက ငွေကျပ် ငါးသိန်း**(အပေါ်ယာပုံ)**၊ ဦးအောင်မြင့်၊ ဦးမြင့်ဋ္ဌေး (နိုင်ဂျစ်ထုတ်လုပ်ရေး) မိသားစုက ငွေကျပ် ၃၃၃၅၀၀၊ မြန်မာ့သြဘာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၁၅၀၀၀၀နှင့် အခြားအလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၁၀၅၃၀၀၀ကို ဆရာတော်ထံ ပေးအပ်လှူဒါန်းကြသည်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၅) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၅)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ "စိတ်ချမ်းသာစွာ ညစဉ်အိပ်စက်ရပါလို၏" အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ရွာသာကြီးဘူတာ စတင်အဆင့်မြှင့်ပြီ၊ အင်းလေး ရေဝပ်ရေတိမ်ဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးရန် သဘာဝကိုင်းတောနှင့် ကျွန်းမျောရိုင်းများကို ဒေသခံများ ဝိုင်းဝန်းထိန်းသိမ်းရန်လို၊ စက်မှုလက်မှု လုပ်ငန်းရှင်များကို ကဏ္ဍငါးရပ်ဖြင့် ချေးငွေပံ့ပိုး၊ ဒီပလိုမာရရှိက စင်ကာပူတွင် အလုပ်ရနိုင်သော စင်ကာပူမှကျောင်းခွဲ မြန်မာနိုင်ငံတွင်ဖွင့်လှစ်၊ ဟဒယဆည်းဆာ ဖျော်ဖြေပွဲ ကျင်းပဖြစ်ပြီစသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ စားသုံးသူအခွင့်အရေး"ဝယ်သူကြေး(ဂျီး)များလည်း အလေးထားပေးကြပါ"၊ အလုပ်နှင့် ပညာရေး "လစာလေးသောင်းမှ တစ်သိန်းကြားရနိုင်သော LCCI ဖြေမည်ဆိုလျှင်"နှင့် "နွယ်ပင်လို ကျင့်သလား"၊ "အောင်မြင်သော ခေါင်းဆောင်တစ်ယောက်"ကဲ့သို့သော သုံးသပ်ဆောင်းပါးများ စေ့စေ့ဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"လာမယ့်နှစ်တစ်ရာအထိ ရေနံတွေ ကောင်းကောင်းရှိနေပါသေးတယ်" အိုပက် အထွေထွေအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ CEO တစ်ဦးမျက်နှာက အောင်မြင်သောကုမ္ပဏီတစ်ခုကို ဖန်တီးပေးနိုင်မလား၊ အင်တာနက်မှ အချိန်းအချက်လုပ်သော ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကလေးများအပေါ် မြူဆွယ်မှုများ ဖော်ထုတ်တွေ့ရှိ၊ လိုအပ်လျှင် နျူကလီးယားလက်နက်များ ရှရှားအသုံးပြုမည်၊ အရပ်သားများ နိုင်ငံရေးတွင် ပိုမိုပါဝင်စေရေး ကမ္ဘောဒီးယားက ဖွဲ့စည်းပုံဥပဒေကိုပြင်မည်၊ အင်ဒိုနီးရှားအစိုးရ ရေနံဆီခွဲတမ်းချ၊ ကိုယ်အလေးချိန် ပေါင် ၅၀၀ရှိသော အငြိမ်းစားရဲအရာရှိအား ပင်စင်လစာ တိုးမြှင့်ပေးခြင်းမရှိ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေ ကျပ်သိန်း ၁၁၀ဖြင့် ပြာကတတ်-ငါးခုံစု-ခနွယ် ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၁၁၇၅၀၊ အကျယ် ရှစ်ပေ မြေရော ကျောက်စရစ်ခင်းသည့် လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်မျိုးအောင်စေတီရင်ပြင်တော် နေပူခံကျောက်ပြားခင်းရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်အကြို စေတီတော်မြောက်ဘက် နတ်လမ်းနှင့် အရှေ့ဘက် ဒီပင်္ကရာမြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့ဗျာဒိတ်ပေးပုံ ရှေ့နတ်လမ်းနှင့် စေတီတော် အရှေ့တောင်ထောင့် ရှင်ဥပဂုတ္တမထေရ်ရဟန္တာစံကျောင်း နတ်လမ်းတို့အား နေပူခံကျောက်ပြားများခင်းရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက်က အနန္တမေတ္တာ တန်ဆောင်း၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ အနုမောဒနာစကား ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)နှင့် အဖွဲ့ဝင် ဗိုလ်မှူးကျော်မြင့်(ငြိမ်း)၊ ရုံးအဖွဲ့မှူး ဒေါ်ညိုညိုမြင့်တို့ထံ ဦးမြင့်ဆွေ-ဒေါ်ကျွေမိသားစု တောင်ဥက္ကလာပမြို့နယ် စီမံကိန်း(၂)တို့က ဒီပင်္ကရာမြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့ ဗျာဒိတ်ပေးပုံရှေ့ နတ်လမ်း နေပူခံကျောက်ပြားခင်းရန် အလှူငွေကျပ် လေးသိန်းကိုလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် နံ့သာဖြူလမ်းနေ ဦးရင်ထွေး-ဒေါ်မူမူချိုမိသားစုတို့က ရှင်ဥပဂုတ္တမထေရ် ရဟန္တာစံကျောင်းရှေ့ နတ်လမ်းအား နေပူခံကျောက်ပြားများခင်းရန် အလှူငွေကျပ် သုံးသိန်းတစ်သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

စေတီတော် ရင်ပြင်ပေါ်၌ကျန်ရှိနေသော နေရာတို့၌ ကျောက်ပြားခင်းရန် လှူဒါန်းလိုပါက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၅၆၂၈၁၈၊ မြို့နယ်သာသနာရေးမှူးရုံး ဖုန်း-၅၆၁၄၇၈နှင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၅၆၅၈၀၈တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထူးကုဆရာဝန်ကြီးများ ဆေးဝါးကုသ ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၇

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲ(၆)တာဝန်ခံ ဒေါ်လှလှသန်းနှင့်အဖွဲ့လိုက်ပါလျက် ဇန်နဝါရီ ၁၈ရက်နံနက်ပိုင်းတွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမပေါ်ရှိ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာနပိုင် အမှတ်(၅) ပရိဘောဂစက်ရုံသို့ရောက်ရှိပြီး သမားဘက်ဆိုင်ရာ လူနာ ၅၄ ဦး၊ ခွဲစိတ်ဘက်ဆိုင်ရာ လူနာ လေးဦး၊ အရိုးအကြောဘက်ဆိုင်ရာ လူနာ ၄၁ ဦး၊ သားဖွားမီးယပ်ဘက်ဆိုင်ရာ ၁၂ဦး၊ မျက်စိဘက်ဆိုင်ရာလူနာ ၄၈ ဦး၊ နား၊ နှာခေါင်း လည်ချောင်းဘက်ဆိုင်ရာ ၁၃ဦးနှင့် သွားခံတွင်းဘက်ဆိုင်ရာ လူနာ ၄၈ ဦး စုစုပေါင်း လူနာ ၁၈၇ ဦးတို့အား စမ်းသပ်စစ်ဆေးကုသပေးပြီး **(အောက်ပုံ)** ကြက်ငှက်တုပ်ကွေးဆိုင်ရာ ပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်းသိရသည်။ (၄၅)



၁၉၈၁ဘူမိဗေဒကျောင်းသားများ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

၁၉၈၁ ဘူမိဗေဒ ကျောင်းသားများ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် စိုးညီညီ ဖုန်း-၀၉-၅၀၀၉၆၄၃၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဇော်ဝင်းဦး ဖုန်း-၀၉-၅၀၀၄၄၄၅၊ ဒေါက်တာဝင်းနိုင် ဖုန်း-၀၁-၅၃၄၅၀၉၊ ကျော်ရှိန်သန်း ဖုန်း-၀၉-၅၁၈ ၃၁၂၃၊ ကိုညွှန့် ဖုန်း-၇၂၅၇၃၆၊ မျိုးမြင့်ဦး ဖုန်း-၀၆၇ ၄၁၁၀၀၉၊ မြတ်ဇော် ဖုန်း-၀၉-၈၀၂၂၁၁၀၊ မောင်မောင်နိုင် ဖုန်း-၀၉-၅၁၂၈၈၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၂၀** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၃၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၂၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၅:၃၀** ၉။ ဗွီစီဒီကျော်ကြားတေးများ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ အမျိုးသားရေးတေးကဗျာ
- **၆:၃၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒီလှိုင်းနှင့်အတူ (အပိုင်း-၁၃)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစုံစမ်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၂၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဒေးစွန်ပါ ဆံတော်ရှင်စေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ရွှေသင်္ကန်းကပ်လှူပူဇော်ရေးကော်မတီက ကြီးမှူးကျင်းပသော ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်း ကျေးရွာရှိ ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက်တွင် အဆိုပါ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ သီရိမင်္ဂလာ အေးငြိမ်းချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်ပွဲတွင် (၆၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူရှင် ရန်ကုန်တိုင်း သန်လျင်မြို့နေ အရပ်ဆရာအောင်၊ဇနီးဒေါ်နှင်းရည်ကျော်နှင့်သားမောင်ဘုန်းပြည့်ကျော် မိသားစုတို့က ငွေကျပ် ၁၈ သိန်း၊ အလုံမြို့နယ်နေ ဒေါ်စန်းစန်းငွေ မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့နေ ကိုမောင်မောင်ဖုန်း၊ မခင်ချိုဝင်း မိသားစုက ငွေကျပ်သုံးသိန်း၊ မစန်းတင့်မိသားစုက ငွေကျပ်နှစ်သိန်း၊ ကိုသိန်းဟန်၊ ဇနီး မသီတာဝင်း မိသားစုနှင့် ဒေါ်သန်းသန်းလှိုင်(လှိုင်ထိပ်ထား အထည်ဆိုင်) မိသားစုတို့က ငွေကျပ်တစ်သိန်းစီနှင့် မစန်းတင့်နှင့် အပေါင်းအသင်းများက ငွေကျပ်၁၅၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၆၀ ကျော်ကို ပေးအပ်လှူဒါန်းကြပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရေးကော်မတီဝင်များက လက်ခံကြကာ အလှူရှင်များအား ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် ရောဝတီတိုင်း ပန်းတနော်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးထွန်းကြည်–ဒေါ်လှကြည်မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းစဉ်။ (က–ပ)

ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ဂျိုကိုဗစ် ပထမဆုံးအကြိမ် ဗိုလ်စွဲ

နိုင်ငံတကာ အားကစားသတင်း

မဲလ်ဘုန်း ဇန်နဝါရီ ၂၇

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် တနင်္ဂနွေနေ့က ကျင်းပရာ ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ ဆားဗီးယား ကစားသမား နိုဗက်ဂျိုကိုဗစ်က ယှဉ်ပြိုင်သူ ပြင်သစ်ကစားသမား ဂျိုဝီလ်ဖရက်ဆောင်ဂါကို အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် နိုဗက်ဂျိုကိုဗစ်သည် ပွဲဦးထွက်အခြေမလှဖြစ်နေရာမှ ဆောင်ဂါကို နောက်ပိုင်း၌ အနိုင်ကစားကာ ဗိုလ်စွဲသွားခြင်းဖြစ်သည်။ ထိုပွဲတွင် ဂျိုကိုဗစ်က ၄–၆၊ ၆–၄၊ ၆–၃၊ ၇–၆ ဖြင့် အနိုင်ရရှိဗိုလ်စွဲသွားသည်။

အသက် ၂၀ရှိသူ ဂျိုကိုဗစ်သည် ဒုတိယပွဲနှင့်တတိယပွဲများတွင် လက်ရည်ပြန်ကောင်းလာပြီး နောက်ဆုံးပွဲအနိုင်ရသည်အထိ ကစားသွားသည်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲများတွင်ဗိုလ်စွဲသွားသူများ၏အသက်ကိုနှိုင်းယှဉ်လျှင် ၁၉၈၅ခုနှစ် နောက်ပိုင်းအနိုင်ရသူများအနက် ဂျိုကိုဗစ်သည် အသက်အငယ်ဆုံးဖြစ်သည်။ ထို့အပြင် ဂရင်းစလင်း တင်းနစ်ပြိုင်ပွဲတွင် ပထမဦးဆုံး ဗိုလ်စွဲသော ဆားဗီးယား အားကစားသမားလည်းဖြစ်သည်။ ***အင်တာနက်။***



ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲအပြီး ဂျိုကိုဗစ်ကို ဆုဖလားကြီးနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

GRAND ROYAL
SPECIAL RESERVE
Golf Championship

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏လက်ရွေးစင်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008 Qualify Round) ကို ဖေဖော်ဝါရီ ၉ရက်နှင့် ၁၀ရက်တို့တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူး ဥပဒေသ (ST.Andrews) နှင့် ဒေသန္တရစည်းမျဉ်းဥပဒေသများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System (36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ငါးဦးရွေးချယ်မည်

ယင်းပြိုင်ပွဲတွင် အချက်အကျောမဲ့ပြိုင်ပွဲမှအကောင်းဆုံးရိုက်ချက်ဂေါက်သီးရိုက်အားကစားသမား ငါးဦးတို့အား ဗိုလ်လုပွဲစဉ် (Final Round) အတွက် ရွေးချယ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.Ltd. ဖြစ်ပြီး Co-Sponsors များအဖြစ် Dusit Inya Lake Hotel, Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကြမည်ဖြစ်ကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အပျော်တမ်းအဆင့် အမျိုးသား ဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၆ရက်နောက်ဆုံးထား၍ ရွှေမန်းတောင်ဂေါက်ကလပ် ဖုန်း–၀၂–၆၀၅၇၀သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုခင်းသတင်းများ

ဝေါမြို့နယ်တွင် လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းပြီး အများပြည်သူအနှောင့်အယှက်ဖြစ်စေသူကို အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၇

ဝေါမြို့နယ် ရန်ကုန်–မော်လမြိုင်ကားလမ်းပေါ်တွင် ဆိုင်ကယ်အား အိတ်ဇောသံကျယ်လောင်စွာဖြင့် အများပြည်သူများကို အနှောင့်အယှက်ဖြစ်အောင် မောင်းနှင်သည့် တီနာအမျိုးအစားဆိုင်ကယ်တစ်စီးအား ဝေါရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီတွင် ဝေါမြို့နယ် ဘုရားပြိုလမ်းခွဲအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးခံရသူမှာ ဝေါမြို့နယ် ညောင်ကိုင်းကျေးရွာနေ အောင်မြိုင်(၃၃)နှစ် (ဘ)ဦးသန်းဝင်းဖြစ်ပြီး ၎င်းသည် အရက်မူးယစ်နေသည့်အပြင် ဆိုင်ကယ်မှာလည်း လိုင်စင်မဲ့ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တာဝန်ရှိသူများက အဆိုပါ လိုင်စင်မဲ့ဆိုင်ကယ်ကို သိမ်းဆည်းခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဝေါရဲစခန်းက အောင်မြိုင်အပေါ် (ပ)သတင်းချက်အမှတ် ၂၁/၂၀၀၈၊ သွင်းကုန်/ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေပုဒ်မ ၅(၁)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတမြို့နယ်အတွင်း တရားမဝင်ဗွီစီဒီအချပ်များ ငှားရမ်းနေသူကို အမှုဖွင့်အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၇

သာကေတမြို့နယ် အမှတ်(၁)ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့မှ တာဝန်ရှိသူများသည် တရားမဝင်ဗီဒီယိုခွေများ ငှားရမ်းနေကြောင်း သတင်းအရ ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် (၂/တောင်)ရပ်ကွက် ရန်ပြေ(၅)လမ်းထိပ်ရှိ ဗွီဒီယိုအခွေငှားဆိုင်ကို ဝင်ရောက်ရှာဖွေရာ တရားဝင်ဝယ်ယူထားခြင်းမရှိသော မြန်မာဇာတ်ကားဗွီစီဒီအချပ်၃၀၊ ဆင်ဆာမဲ့နိုင်ငံခြားဗွီစီဒီအချပ်၂၀ နှင့် နိုင်ငံခြားညစ်ညမ်းဗွီစီဒီ ၁၉ ချပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဗွီဒီယိုအခွေအငှားဆိုင်ပိုင်ရှင် ငွေအောင်(၃၀)နှစ် (ဘ)ဦးလှမောင် ရန်ပြေ(၁)လမ်း (၂/တောင်)ရပ်ကွက်နေသူအပေါ် သာကေတအမှတ်(၁)ရဲစခန်းက (ပ)သတင်းချက်အမှတ် ၁၇၃/၂၀၀၈ နှင့် ၁၇၄/၂၀၀၈၊ မြန်မာ့ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ ၃၂(က)(ခ)နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

ရွှေငွေလက်ဝတ်ရတနာ ကျပ် ၅၄ သိန်းဖိုး ခိုးယူခံရ

ရန်ကုန် ဇန်နဝါရီ ၂၇

ငွေကျပ် ၅၄သိန်းကျော်တန်ဖိုးရှိ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများ အခိုးခံရမှုတစ်မှု မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းတွင် ဖြစ်ပွားခဲ့သည်ဟု သိရသည်။

ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီခန့်တွင် စက်ရုံလမ်းနေ ဒေါ်ရီရီ(၃၇)နှစ်သည် နေအိမ်တံခါးပိတ်၍ အပြင်သို့သွားရောက်သည်။ ထို့နောက် နေအိမ်သို့ ပြန်အရောက်တွင် အိပ်ခန်းအတွင်းရှိ ဗီရိုကိုဖွင့်ကြည့်သည်။

ယင်းသို့ဖွင့်ကြည့်ရာတွင် ဗီရိုထဲမှငါးကျပ်သားခန့် ရွှေတုံးနှစ်တုံး၊ တစ်ကျပ်သားခန့် လက်ကောက်နှစ်ကွင်း၊ တစ်ကျပ်သားခန့် အပြားလက်ကောက်တစ်ကွင်း၊ ငါးမူးသားခန့် မောင်နှံခုနစ်ဖော်လက်စွပ်တစ်ကွင်း၊ ကျောက်ဖြူလက်စွပ်တစ်ကွင်း၊ နားကွင်းတစ်ခု၊ ငွေကျပ်၁၃၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၄၂၀၀၀၀ နှင့် ဖုန်းစာအုပ်တစ်အုပ်တို့ ပျောက်ဆုံးနေသဖြင့် အရေးယူပေးပါရန် ဒေါ်ရီရီကတိုင်တန်းသဖြင့် မင်္ဂလာတောင်ညွန့်ရဲစခန်းမှ (ပ)၁၆၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့်အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (၁၁)

ညစ်ညမ်းဒီဗွီဒီနှင့် ဗွီစီဒီခွေများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၇

တာမွေမြို့နယ် မလွှကုန်းဌေးကြွယ်ရပ်ကွက် ကျိုက္ကဆံလမ်း ဗလီထိပ်ကားမှတ်တိုင်အနီးတွင် ခွင့်ပြုချက်မဲ့ ဒီဗွီဒီနှင့်ဗွီစီဒီခွေများ ရောင်းချနေကြောင်း သတင်းအရ ဇန်နဝါရီ ၂၅ရက် ညနေ ၆နာရီခန့်တွင် တာမွေရဲစခန်းမှ တပ်ဖွဲ့ဝင်များက စစ်ဆေးဖမ်းဆီးခဲ့ရာ ကျော်စိုး (၃၉)နှစ် (ဘ) ဦးမောင်ဆိုင်၊ မြတ်လေး(၂)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အား ညစ်ညမ်းဒီဗွီဒီ ၂၇ချပ်၊ ဗွီစီဒီ ၁၄ချပ်၊ စာရင်းစာအုပ် ငွေကျပ် ၈၈၀၀တို့နှင့်အတူ တွေ့ရှိဖမ်းမိခဲ့သည်။ ကျော်စိုးအား တာမွေရဲစခန်း၌ (ပ) သတင်းအချက်အမှတ် ၁၇၉/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် စည်ပင်လမ်းနှင့် ဇီဇဝါလမ်းထောင့်ရှိ ညဈေးတန်း၌ ညစ်ညမ်းဗွီစီဒီခွေများ ရောင်းချနေကြောင်း သတင်းအရ ဇန်နဝါရီ ၂၅ ရက် ည ၇ နာရီခွဲခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း) ရဲစခန်းမှ ဒုရဲအုပ်တင်မြင့်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ညဈေးတန်းသို့ သွားရောက်စစ်ဆေးရာ ဆင်ဆာမဲ့ဗွီစီဒီခွေများ ရောင်းချနေသည့် မင်းမင်းအောင်(၁၉)နှစ် (ဘ) ဦးမောင်အေး စွယ်တော်လမ်း (၂၀)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူထံမှ ညစ်ညမ်းခွေဗွီစီဒီခြောက်ချပ်၊ ဆင်ဆာမဲ့ဗွီစီဒီ ၅၀၁ချပ်နှင့် ငွေ ကျပ်၄၅၀၀ တို့ကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအပေါ် ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၁၅၃/၂၀၀၈ မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)အရအရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ သဃ်န်းကျွန်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးလေးအောင် ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။ (၅၀၆)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၂၀၀၇–၂၀၀၈) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အရှေ့ဘုရားကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၄ရက်က ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆုများထိုက်ထိုက်တန်တန် ချီးမြှင့်မည့် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ်အဖြစ် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ [Myanmar pet show 2008] ကို ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့ ကြို့ကုန်း ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်တွင် တည်ရှိသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံး (ငါးလုပ်ငန်းအဖွဲ့ချုပ်)ရုံးဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်းကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုကဲ့သို့ ဖွဲ့စည်းခဲ့ရာတွင်-

၁။ အိမ်မွေးတိရစ္ဆာန်ချစ်သူများ/ဝါသနာရှင်များ အချင်းချင်း ရင်းနှီးချစ်ကြည်မှုရရှိစေရန်နှင့် မွေးမြူရေးအသိပညာများ ဖလှယ်နိုင်ရေး၊

၂။ အိမ်မွေးတိရစ္ဆာန် (ခွေး/ကြောင်)များ၏ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာအဆင့်အတန်း တိုးတက်မြင့်မားလာကာ တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သောရောဂါများအား စနစ်တကျကာကွယ်နိုင်ရေး၊

ထူးထူးခြားခြားလှပသော SHIH-Tzu **ခွေးတစ်ကောင်ကို တွေ့ရစဉ်။**

၃။ မျိုးရိုးဗီဇကို အခြေခံသော မျိုးကောင်းမျိုးသန့် အိမ်မွေးတိရစ္ဆာန်များ စနစ်တကျ မွေးမြူထုတ်လုပ်လာနိုင်စေရေးနှင့် သွင်းကုန်အစားထိုးရေး၊

၄။ အိမ်မွေးတိရစ္ဆာန်များနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး၊

၅။ ပြည်တွင်း၊ ပြည်ပ အဆင့်အတန်း ပြည့်မီသော အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲများကို ကျင်းပပြုလုပ်ရေး၊ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊

၆။ လူသားတို့အား အကျိုးပြု အထောက်အကူပေးနိုင်သော တိရစ္ဆာန်များ လေ့ကျင့်မွေးထုတ်နည်းပညာများ မြင့်မားလာစေရေး (ဥပမာ Grand Dog၊ မျက်မမြင်လမ်းပြ၊ ပစ္စည်းရှာ၊ ကြက်ခြေနီခွေး)၊

၇။ တိရစ္ဆာန် ကျန်းမာရေးဖွံ့ဖြိုးမှုဥပဒေ၊ မြန်မာနိုင်ငံပါဝင်သော OIE နိုင်ငံတကာအဖွဲ့အစည်း ဥပဒေများနှင့်အညီ တိရစ္ဆာန်ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်း၊ တိရစ္ဆာန်စောင့်ရှောက်ရေးလုပ်ငန်းများ၊ မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးတို့ဖြစ်ပါသည်။

အထက်ပါ ရည်ရွယ်ချက်များဖြင့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲကို ဤအသင်းမှ ကြီးမှူးကျင်းပခဲ့ရာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပါသည်။ အသင်းမဖွဲ့စည်းနိုင်မီကမူ အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲများကို သီးသန့်မကျင်းပနိုင်ခဲ့ဘဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် သစ်သီးဝလံပန်းမန်ပြပွဲများတွင်သာ ကဏ္ဍတစ်ခုအနေဖြင့် ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂ များတွင် ပါဝင်ပြသခဲ့ပါသည်။ ထိုစဉ်ကပင် ပရိသတ်၏ အားပေးမှုကို အတိုင်းအတာတစ်ခုအထိ ရရှိအောင်မြင်ခဲ့ပါသည်။ မိမိအစီအစဉ်ဖြင့် သီးသန့်ကျင်းပခဲ့သည့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ပထမအကြိမ်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ရာ ပရိသတ်အားပေးမှုကိုလည်း ပိုမိုရရှိခဲ့ပါသည်။ ပထမအကြိမ်ပြပွဲ၏အောင်မြင်မှုကို ပိုမိုအားဖြည့်ကာ ဒုတိယအကြိမ်ပြပွဲကို ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။



ခွေးဘီလူးဟု ခေါ်ဝေါ်ကြသည့် Bull Dog **ခွေးတစ်ကောင်ကို တွေ့ရစဉ်။**

ယခုကျင်းပမည့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတွင် ခွေးကြီး၊ ခွေးလတ်၊ ခွေးငယ်၊ ပါပီ၊ ခွေးလိမ္မာနှင့် ကြောင်ဟူ၍ အုပ်စုခွဲ ကျင်းပမည်ဖြစ်သည်။

ခွေးအလှပြိုင်ပွဲဝင်မည့် ခွေးများကို ကိုယ်ဟန်အနေအထား လှပမှု၊ ရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်းမှု၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုမရှိသည့်အချက်များကို အဓိကထားအမှတ်ပေးမည်ဖြစ်ပြီး ခွေးလိမ္မာပြိုင်ပွဲတွင်မူ ယှဉ်ပြိုင်သည့်ခွေးများ၏ လိမ္မာပါးနပ်မှု၊ အမိန့်နာခံမှု၊ ကျွမ်းကျင်မှု စသော စွမ်းဆောင်ရည်များကို အဓိကထား ယှဉ်ပြိုင်စေမည်ဖြစ်ပါသည်။ မိမိခွေးမှာ ကိုယ်လက်အင်္ဂါချို့ယွင်းမှုရှိသော်လည်း ၎င်း၌ စွမ်းရည်အမျိုးမျိုးကို ထူးချွန်စွာ စွမ်းဆောင်ပြသနိုင်ပါက ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

ပြိုင်ပွဲတွင် ဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ရာ ဘက်စုံကျွမ်းကျင်လိမ္မာသောခွေးများကို စွယ်စုံထူးချွန်ဆုအဖြစ် ငွေကျပ်နှစ်သိန်းသတ်မှတ်ထားကာ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်နှင့် အထူးဆုအဖြစ် ငွေကျပ်ငါးသောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ယခုပြပွဲပြိုင်ပွဲတွင် အိမ်မွေးတိရစ္ဆာန်များနှင့်ပတ်သက်သည့် ပညာပေးပြခန်း၊ တိရစ္ဆာန်အရောင်းဆိုင်၊ ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများကို ပြခန်းပေါင်း ၄၀ ကျော်ဖြင့် ခင်းကျင်းပြသထားမည်ဖြစ်သည့်အပြင် ထူးခြားမှုအနေဖြင့် ခွေးအလှပြင်ဆိုင်ကိုပါ ထည့်သွင်းဖွင့်လှစ်ထားမည်ဖြစ်ရာ ရေချိုး၊ အမွေးညှပ် စသည့် ခွေးအလှပြင်လုပ်ငန်းများကိုပါ လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် လာရောက်ကြည့်ရှုကြသူ တိရစ္ဆာန်ချစ်သူဝါသနာရှင်များ အပန်းပြေစေရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းစီစဉ်ထားပြီး စားသောက်ဆိုင်များကိုပါ ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

ယခုကဲ့သို့ အိမ်မွေးတိရစ္ဆာန်ပြပွဲများသာမက နောင်တွင် အိမ်မွေးတိရစ္ဆာန် ပုံမှန်ဈေးကွက်များကိုပါ ဖွင့်လှစ်သွားရန် စီစဉ်နေပြီဖြစ်ရာ အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာတော့မည်ဖြစ်ပါသည်။

(ကြေးမုံ)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

သန့်ဇင်ထွန်း (ကြေးမုံ)

အန္တရာယ်ကျရောက်နေသူများအား ရှာဖွေကယ်ဆယ်ရာတွင် ကျွမ်းကျင်လှသဖြင့် နာမည်ကျော်ကြားသော ST. BERNARD **အမျိုးအစား ခွေးတစ်ကောင်အား တွေ့မြင်ရစဉ်။**

ခွေးအလှမွေးသူများ အထူးစိတ်ဝင်စားသည့် RETRIEVER **ခွေးတစ်ကောင်ကို တွေ့ရစဉ်။**

ကမ္ဘာ့မှတ်တမ်းဝင် သားသည်မိခင်များ

သားသမီး အများဆုံးမွေးဖွားသူ

ရုရှားနိုင်ငံ ရှုယာဒေသမှ တောင်သူလယ်သမားတစ်ဦးဖြစ်သူ ဖီအိုဒေါဗက်စီလ်ယေ့ဗ် (၁၇၀၇-၁၇၈၂)၏ ဇနီးသည် (အမည်မသိ)မှာ ကမ္ဘာပေါ်တွင် သားသမီး အများဆုံးမွေးဖွားသူမိခင်အဖြစ် ယနေ့ထက်တိုင် စံချိန်တင်ထားသည်။ အဆိုပါလယ်သမား၏ ဇနီးဖြစ်သူသည် ဘဝတစ်လျှောက် ၂၇ ကြိမ်မီးဖွားခဲ့ရာတွင် နှစ်မြွာပူး ၁၆ တွဲ၊ သုံးမြွာပူးခုနစ်တွဲနှင့် လေးမြွာပူးလေးတွဲ မွေးဖွားခဲ့သည်။ ၎င်းမွေးခဲ့သော သားသမီးအရေအတွက် စုစုပေါင်းမှာ ၆၉ ဦးဖြစ်သည်။

တစ်ကြိမ်တည်းသားသမီးအများဆုံးမွေးသူ

ကမ္ဘာ့မှတ်တမ်းများအရ တစ်ကြိမ်တည်းဖြင့် သားသမီးအများဆုံး (ခုနစ်ဦး) မွေးဖွားသူ အမျိုးသမီးသုံးဦးရှိသည်။ အမေရိကန်မှ ဘော်ဘီးမက်ကော့ပေး (၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် မီးဖွား)၊ ဆော်ဒီအာရေးဗီးယားမှ ဟက်စနာမိုဟာမက်ဟူမေယာ (၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် မီးဖွား) နှင့် အမေရိကန်မှ နီကမ်ချော့ခ်ဂူ (၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မီးဖွား) ၎င်းမှာ ကလေးရှစ်ဦးမွေးဖွားသော်လည်း တစ်ဦးမှာ ပေါင်ချိန်နည်းလွန်းသဖြင့် တစ်ပတ်အကြာတွင် သေဆုံးသွားခဲ့သည်။

အမြွှာကလေးကို အချိန်နှစ်မိနစ်ခြားပြီးမှမွေးသူနှင့် ရက်ပေါင်းများစွာခြားပြီးမှ မွေးဖွားသူ

အမြွှာပူးမွေးဖွားရာတွင် တစ်ဦးနှင့်တစ်ဦးအချိန်ခြားပြီး မွေးဖွားတတ်သည်များလည်းရှိရာ မိနစ်အနည်းငယ်သာခြားပြီး မွေးဖွားသကဲ့သို့ ရက်ပေါင်းများစွာခြားပြီးမှ မွေးဖွားသည့်ဖြစ်ရပ်အချို့လည်း ရှားရှားပါးပါး ဖြစ်ပေါ်ခဲ့သည်ကို ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြထားသည်။

အချိန်တိုမိနစ်ပိုင်းသာခြားပြီး အမြွှာပူးမွေးဖွားသူမိခင်မှာ ယူနိုက်တက်ကင်းဒမ်းမှ အယ်လင်လူစီဘရောင်းဖြစ်ပြီး ၁၉၉၅ ခုနှစ် ဇူလိုင် ၁၀ ရက်က အမြွှာပူးမွေးဖွားခဲ့ရာ ပထမကလေးသောမတ်စ်ကို ၁၆း၅၄ နာရီတွင် မွေးပြီး ဒုတိယကလေး နီအောလ်ကို ၁၆း၅၆ နာရီတွင် မွေးခဲ့သည်။

အမြွှာပူးကလေးများကို တစ်ကြိမ်တည်းဖြင့်မမွေးဖွားဘဲ ရက်ပေါင်းများစွာကြာမှ ထပ်မံမွေးဖွားသူ မိခင်မှာ အမေရိကန်မှ ပက်ဂီလင်းဆိုသူဖြစ်သည်။ သူမသည် ဟန်နာဆိုသူ သမီးငယ်ကို ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် မွေးဖွားခဲ့ပြီး နောက်ထပ် အမြွှာကလေးအဲရစ်ကို ၈၄ ရက်ခြားပြီးနောက် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် မွေးဖွားခဲ့သည်။

အထက(၂) မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

အထက(၂) မရမ်းကုန်း [ယခင် စိန့်ဂျူ့(စ်) အကယ်ဒမီ]၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အထက(၂) မရမ်းကုန်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အထက (၂)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် ဒေါ်ခင်မြတ်သူ ဖုန်း-၀၉-၈၀ ၂၅၁၉၉၊ ၆၄၁၆၁၄၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်နီနီ အထက(၂) ဖုန်း-၆၆၂၀၇၈၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၆၆၄၂၅၃၊ ဦးကျော်လေး ဖုန်း-၆၆၃၁၃၅၊ ဦးထွန်းထွန်း ဖုန်း-၀၉-၅၁၆၇၅၈၉၊ ဦးသောင်းဟန် ဖုန်း-၆၅၀၄၂၇၊ ဦးဝင်းလှိုင် ဖုန်း-၆၅၀၄၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပညာရေးဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်ပညာရေးတက္ကသိုလ်၏ ၁၉၆၉-၁၉၇၄ ခုနှစ် ပညာရေးဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ တတိယအကြိမ်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန် ကန်တော်ကြီး ပန်းကန်လုံးကျွန်း၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လက်ဆောင်ပစ္စည်းများလဲလှယ်ရန် အစီအစဉ်ပါရှိသဖြင့် ကြိုတင်ယူဆောင်လာ၍ သိရှိလိုသည်များကို ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇ နှင့် ဒေါ်ကြူကြူရွှေ ဖုန်း-၀၉၅၀၀၂၈၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပလတ်စတစ်လုပ်ငန်းရှင်များအသင်း လိပ်စာအသစ်ဖြင့် ဆက်သွယ်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းရုံးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ UMFCCI Office Tower LEVEL(6) သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်သည်။ အသင်း၌ သက်ဆိုင်သည့် ရုံးကိစ္စများကို ဖုန်း- FAX.214835 email mpia@mptmail.net.mm တို့ဖြင့် ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(က-ပ)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဟားခါး-ဂန့်ဂေါ ကားလမ်း ချဲ့ထွင်ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

ချင်းပြည်နယ် ဟားခါးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ဟားခါးမြို့ တပ်နယ်ခန်းမ၌ ဟားခါးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ဟားခါးမြို့တပ်နယ်ရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လက်ဖက်စိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် တညင်း၊ ထောပတ်နှင့် ဝဥများကို တိုးချဲ့စိုက်ပျိုးရေး၊ မိုးစပါး၊ နွေစပါး၊ တောင်ယာစပါးများအပြင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးရေး တို့ကိုမှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

လမ်းချဲ့ထွင် ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဟားခါး-ဂန့်ဂေါလမ်းပိုင်း၌ စက်ယန္တရားကြီးများဖြင့် ယာဉ်သွားလမ်းချဲ့ထွင်ဖောက်လုပ်နေမှုနှင့် မြေထိန်းနံရံ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။
(သတင်းစဉ်)

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အမြင့်ဆုံးနှစ်

ကမ္ဘာ့ စက်မှုလောကတွင် စက်မှုတော်လှန်ရေး ကာလ ကျော်လွန်ပြီးနောက် ၂၀၀၄ ခုနှစ်သည် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု အမြင့်ဆုံး နှစ်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသ မှတ်တမ်းများက ဖော်ပြသည်။

ကြေးမုံ The Mirror တို

ထိုနှစ်တွင် ထုတ်လွှတ်ခဲ့သော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ပမာဏသည် လေထုအပုံ တစ်သန်းပုံလျှင် ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ အချိုးအစား ၃၇၇ ဒသမ ၁ ပုံအထိ ပါဝင်ကြောင်း မိုးလေဝသစာရင်းအင်းများက ဖော်ပြသည်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား